# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၉)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး Asia General Electric Co., Ltd. စက်ရုံကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး

## Asia General Electric Co.,Ltd. စက်ရုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၇**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အကွက်အမှတ်(၁) ရွှေသံလွင်စက်မှုဇုန် ရန်ကုန်-ပုသိမ် ကားလမ်းမကြီးနှင့် လှိုင်သာယာ-တွံတေး တံတားလမ်းထောင့်ရှိ Asia General Electric Co., Ltd. စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး စက်ရုံကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ကုမ္ပဏီဥက္ကဋ္ဌတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

# ပြည်ထောင်စုတစ်ဝန်းသို့ ဆက်သွယ်သွားလာနိုင်သည့် ဗလမင်းထင်တံတား




သတင်းမှတ်စု
အေးသန္တာသိန်းနှင့်
မြကေခိုင်စိုး

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
လဲ့လဲ့ဝင်း (မြန်မာ့အလင်း)


**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော် အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ကာနယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် **"မြစ်ကိုမြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လမ်း တံတားများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၆* ■

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် ဒီဇင်ဘာ ၈ ရက်)

# ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းလက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို ချမှတ်၍ ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး (၁၇)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၄ရက်နေ့က နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရေခက်ခဲသောဒေသများတွင် ဆည်တမံများတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်း၊ မြေအောက်ရေရရှိရေးလုပ်ငန်းနှင့် သောက်သုံးရေရရှိရေးတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ပထမဦးစားပေးအဖြစ် ကျေးရွာများ၌ ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ တူးဖော်ပေးခဲ့သည်။

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်းဒေသတိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ရာ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ ရေခက်ခဲသော ကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသောသောက်သုံးရေ မရရှိသောကျေးရွာများကို သောက်သုံးရေရရှိရေးအတွက် စီမံဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာကိုလည်းကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၄၉၇၉ ရွာကိုလည်းကောင်း သန့်ရှင်းသောသောက်သုံးရေ ရရှိရန် ဆောင်ရွက်ပေးခဲ့ရာ ပြည်နယ်နှင့်တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၀၂၁ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်း၌ ၃၄မြို့နယ်၊ မကွေးတိုင်း၌ ၂၅မြို့နယ်၊ မန္တလေးတိုင်း၌ ၂၃မြို့နယ် စုစုပေါင်းမြို့နယ် ၈၂မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိခဲ့သည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်ဒေသပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးကို အကြားအလပ်မရှိ ဖော်ဆောင်ပေးရာတွင် ပြည်သူများကလည်း ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အာစရိယပူဇော်ပွဲ ပဲခူးတွင်ကျင်းပ

ပဲခူး ဒီဇင်ဘာ ၇

ပဲခူးမြို့ အမှတ်(၁)အထက သီရိပညာခန်းမ၌ အောက်တိုဘာ ၅ရက် နံနက် ၉နာရီက မြတ်ဆရာပူဇော်ပွဲကျင်းပရာ ပဲခူးတိုင်းပညာရေးမှူး ဦးဖုန်းမြင့်လွင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်အေး၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

### တက်ရောက်

မြတ်ဆရာပူဇော်ပွဲတွင် ပဲခူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် ပညာရေးမှူးရုံးမှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် အသက် ၇၀နှင့်အထက် ဆရာကြီး ဆရာမကြီးများ အပူဇော်ခံတက်ရောက်ကြပြီး အသက်အကြီးဆုံးမှာ ၁၀၅နှစ်အထိ ရှိကြောင်း သိရသည်။ (ဝဖဖ)

## မြဝတီရုပ်မြင်သံကြား

၈-၁၂-၂၀၀၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လျှပ်တစ်ပြက် |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ | အင်္ဂလိပ်စာသုတ |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ၈။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၄၀ | ၁၃။ | ကလေးတို့ကမ္ဘာ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁၇) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု ရထားပို့ဆောင်ရေးဝန်ကြီး ဌာန၏ ဆောင်ရွက်ချက်များ |
| | ၂၀။ | ဟာသရုပ်စုံ |
| | ၂၁။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန်**(တတိယတွဲ) (အပိုင်း-၃၄) |

## စဉ့်ကူးမြို့၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

စဉ့်ကူး ဒီဇင်ဘာ ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စဉ့်ကူးမြို့နယ် အခွန်ဦးစီးဌာန၏ ဒုတိယအကြိမ် အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၃၀ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ပညာပေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူ**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းခိုင်က ပြည်သူများသိရှိလိုက်နာရမည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## မိုးကုတ်မြို့ အမှတ်( ၈၀) မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်ရန် အလှူငွေပေးအပ်

မိုးကုတ် ဒီဇင်ဘာ ၇

*မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် လီဆူကျောက်ပုံကျေးရွာအုပ်စု လီဆူကျောက်ပုံ ကျေးရွာ အမှတ်(၈၀)အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။*

*အခမ်းအနားတွင် မိုးကုတ်မြို့နယ် ပညာရေးမှူး ဦးသာထူးက အဖွင့်အမှာ စကားပြောကြားပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မိုးဆွေက ကျောင်း ဆောင်သစ်ဆောက်လုပ်ရေး အတွက် ရန်ပုံငွေစုဆောင်း ရရှိမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ ထို့နောက် စေတနာရှင် မိဘပြည်သူများမှ ထည့်ဝင်ငွေကျပ် ၂သိန်းကို ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဂူတားတားထံသို့ အလှူရှင်များကိုယ်စား ပေးအပ်လှူဒါန်းသည်။*

### *တက်ရောက်*

*အခမ်းအနားသို့ မြို့နယ် ပညာရေး မိသားစုများ၊ ကျေးရွာရှိ လူမှုရေးအသင်း အဖွဲ့များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။*

*(မြို့နယ် ပြန်/ဆက်)*

## အထက(၂)ဘားအံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

အထက(၂)ဘားအံ ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ၂၇ရက် (တနင်္ဂနွေနေ့) ညနေ၃နာရီတွင် အထက(၂)ဘားအံ ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ တပည့်ဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြရန်နှင့် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် အထက(၂)ဘားအံ ဖုန်း-၀၅၈-၂၁၁၄၄၊ ဒေါ်နီနီအေး ဖုန်း-၀၉-၅၆၆၀၆၇၁၊ ဦးကိုကိုအောင် ဖုန်း-၀၉-၅၆၆၀၇၇၂၊ ဦးစောမြင့်ဇော် ဖုန်း-၀၉-၅၆၆၁၉၆၁ နှင့် ဦးချစ်လွင် ဖုန်း-၀၅၈-၂၁၃၀၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

**တာချီလိတ်မြို့ ပါလျှံ(၁)ရပ်ကွက် ဘုရားကြီးလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဦးလှမျိုးဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

8-12 (02).pmd 1 12/8/2009, 1:55 PM

## ဆန်ပါလေ

လောကသည် လျှောသက်နိမ့်ဆင်းနေ၏။
လောကနှင့်ရော၍ မလျှောသက်ပါစေနှင့်။
လောကသည် ရုပ်၍ရုပ်၍ ဆုတ်ယုတ်နေ၏။
လောကအရှုပ်နှင့်ရော၍ မဆုတ်ယုတ်ပါစေနှင့်။
လောကသည် အစုန်ရေကြော၌ ဒလဟောမျောနေ၏။
လောကကိုလှန်၍ ဆန်တက်ပါလေ။

ဘဒ္ဒန္တမာနိတသိရီဘိဝံသ

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

# အရဏ်ဦးမှာ ဖူးသည့်ကြာ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

## ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း "အရဏ်ဦးမှာ ဖူးသည့်ကြာ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတ အနုပညာရှင်၊ အတတ်ပညာရှင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၇

နိုင်ငံ့အကျိုးပြု ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "အရဏ်ဦးမှာ ဖူးသည့်ကြာ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ "အရဏ်ဦးမှာဖူးသည့်ကြာ" ဗီဒီယိုဇာတ်လမ်းတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့် ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဆုချီးမြှင့်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒါရိုက်တာ တင်သန်းဦး၊ သရုပ်ဆောင်များဖြစ်ကြသော အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ လူမင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ အကယ်ဒမီ စိုးမြတ်သူဇာ၊အကယ်ဒမီ အိန္ဒြာကျော်ဇင် **(အပေါ်ပုံ)**၊ ခိုင်သင်းကြည်နှင့် ဝေဠုကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က လက်ထောက်ဒါရိုက်တာ ဘုန်းဝေ၊ ဇာတ်လမ်း ဦးကိုကိုလှိုင်၊ အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ ဇော်ဦး၊ ဖြိုးငွေစိုး၊ အကယ်ဒမီ အောင်ခိုင်၊ အောင်မြင့်ဗို၊ နန္ဒနှင့် သက်မွန်မြင့်တို့အားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အကယ်ဒမီ မြတ်ကေသီအောင်၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ မယ်လိုဒီ၊ မေသက်ခိုင်၊ ရတနာမိုင်၊ အေးမြတ်သူ၊ မိုးယံဇွန်၊ ကျော်ဇေယျနှင့် နေတိုးတို့အားလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ဘုန်းသျှန်၊ သတိုးစော၊ အောင်ဇော်၊ ကိုကိုဦး၊ စိုင်းအောင်တင့်၊ အရိုင်း၊ ငွမ်းပုံလေး၊ ငွမ်းပုံကြီး၊ ဝါဝါအောင်၊ ကျားကြီးနှင့် ကြည်စိုး(IC)တို့အားလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ငှက်ပျောကြော်၊ ကုသိုလ်၊ ဆုကဗျာ၊ ကေကေမိုးမြင့်၊ ဆုမြတ်သိင်္ဂီ၊ ကျော်စစ်၊ ဖေဒါ၊ စိုပြေ၊ သဇင်ထွန်းနှင့် စပ်စုတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

### ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က "အရဏ်ဦးမှာ ဖူးသည့်ကြာ" ဗီဒီယိုဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၏ ကိုယ်စား ဒါရိုက်တာ တင်သန်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ယင်းနောက် ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား ဒါရိုက်တာ တင်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**



## မြေသားလမ်း ဖောက်လုပ်

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖြစ်သည့် မုန်းလိုက်-ပါလျှိုး မြေသားလမ်း ဖောက်လုပ်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၁၂-၂၀၀၉**
**(အင်္ဂါနေ့)**
**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ပညာဉာဏ်ကြီးမားအောင် ဘယ်လိုအားထုတ်ရမလဲ** တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၆:၃၅ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Steel Dragon Stainless Steel) အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနား
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂၀)
- ၈:၃၀ Sports World (Planet Speed)
- ၈:၅၅ Activities in the City (သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် ပတ်သက်သော အခမ်းအနား)
- ၉:၀၅ ပျော်ဘွယ်မြို့ရဲ့ တန်ဆောင်ခါ ဒါနပန်းတွေ ဝေဝေဆာ
- ၉:၂၀ Sunday Talk
- ၁၀:၂၅ ဘက်စုံပြင်ဆင်နေမှုများ.... ရွှေဆံတော်ဘုရားဝေနေယျများ ကုသိုလ်ပွား
- ၁၀:၄၀ ပတ်ဝန်းကျင်သစ်၏ အလှပဆုံးလူနေမှုစနစ်
- ၁၀:၅၀ Cartoon Show Time (Up)
- ၁၁:၃၀ ဂီတသံစဉ်အလှဆင် (ဟောမာနေဝင်း)
- ၁၁:၅၀ English Language Competition (Part-1) (Basic)
- ၁၂:၁၀ Music Talk (သီတာရတနာ)
- ၁၂:၂၀ PEACE OF MIND စိတ်ငြိမ်းအေးသော (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၁၂:၄၅ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
- ၁:၀၀ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(မြန်မာနှင့် ဗီယက်နမ်)**
- ၂:၅၀ Fashion Music Festival Hair Fashion(1)
- ၃:၂၅ Activities in the City (သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့်ပတ်သက်သော အခမ်းအနား)
- ၃:၃၅ ဘက်စုံပြင်ဆင်နေမှုများ.... ရွှေဆံတော်ဘုရားဝေနေယျများ ကုသိုလ်ပွား
- ၃:၅၀ ဂီတသံစဉ် အလှဆင် (ဟောမာနေဝင်း)
- ၄:၁၀ World of Knowledge (Funniest Animal)
- ၄:၃၅ ပျော်ဘွယ်မြို့ရဲ့ တန်ဆောင်ခါ ဒါနပန်းတွေ ဝေဝေဆာ
- ၄:၅၀ ပတ်ဝန်းကျင်သစ်၏ အလှပဆုံးလူနေမှုစနစ်
- ၅:၀၀ Celebrity Style (အဆိုတော်သံသာဝင်းနှင့် တွေ့ဆုံခြင်း)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Cartoon Show Time (Up)
- ၇:၀၀ Fashion Music Festival Hair Fashion (1)
- ၇:၃၀ Celebrity Style (အဆိုတော်သံသာဝင်းနှင့် တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အမျိုးမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါ မေတ္တာရိပ်မှာ** (အပိုင်း-၂၀)
- ၁၀:၀၀ ဈေးဝယ်လမ်းညွှန် (Green Elephant House)
- ၁၀:၁၅ သင်ကြားရေးလမ်းညွှန် (EAC စားသောက်ကုန်နှင့် အလှကုန် နည်းပညာသင်တန်း)
- ၁၀:၃၀ ဟိုတယ်လမ်းညွှန် (Bagan Thiripyitsaya Sakura Hotel)
- ၁၁:၀၅ သွေးကင်ဆာရောဂါနှင့် အနာဂတ်ဆေးပညာ
- ၁၁:၂၅ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၁၁:၄၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁၁:၄၅ PEACE OF MIND စိတ်ငြိမ်းအေးသော (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

❒ ကျောဖုံးမှ

### ပြောင်းလဲမှု

*မွေးဖွားစဉ် ကိုယ်အလေးချိန်မပြည့်ဘဲ မွေးဖွားလာသော ကလေးငယ်များသည် အရွယ်ရောက်ချိန် ခန္ဓာကိုယ်အစိတ်အပိုင်းများ စတင်ဖွံ့ဖြိုးသည့်အခါ ပုံမှန်ဖွံ့ဖြိုးမှုထက် ထူးခြားသောအနေအထားဖြင့် ဆဲလ်များ၊ တစ်သျှူးများ ပြောင်းလဲမှုဖြစ်ပေါ်ခြင်းကြောင့် ဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်တွင် ဖော်ပြထားသည်။*

### သတိပြု

*မွေးဖွားချိန်၌ ကိုယ်အလေးချိန်မပြည့်သော ကလေးငယ်များသည် နှစ်နှစ်အတွင်း သိသိသာသာ ဖွံ့ဖြိုးလာပါက သတိပြုသင့်ကြောင်း၊ အထူးသဖြင့် မိန်းကလေးငယ်များတွင် ကိုယ်အလေးချိန် မြင့်တက်လာလျှင် သတိထားသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။*

*ထို့ကြောင့် မိခင်လောင်းများအနေဖြင့် သန္ဓေသားဖွံ့ဖြိုးရန်၊ ကိုယ်အလေးချိန်ပြည့်မီသော ရင်သွေးငယ်များ မွေးဖွားရန် သတိပြုသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ ။*

**ဓာတ်ပုံပြပွဲ**

**ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဓာတ်ပုံပြပွဲကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။**

(ကိုပင်ဟေဂင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံကို ဒီဇင်ဘာ ၇ ရက်၌ စတင်ကျင်းပလျက်ရှိသည်။)

**(အင်တာနက်ဓာတ်ပုံ)**

# ၂၀၀၉ခုနှစ်၌ ရေနံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်းလျော့ကျဟု အိုအေပက်ပြောကြား

ကိုင်ရို ဒီဇင်ဘာ ၇

**ကမ္ဘာ့ငွေကြေး အကျပ်အတည်းကြောင့် နိုင်ငံတကာရေနံဆိုင်ရာရင်းနှီးမြှုပ်နှံမှုသည် ၂၀ ရာခိုင်နှုန်းလျော့ကျသွားကြောင်း အာရပ်ရေနံရောင်းနိုင်ငံများအဖွဲ့(အိုအေပက်) ရေနံဝန်ကြီးများက ဒီဇင်ဘာ ၅ရက်တွင် ပြောကြားသည်။**

(၈၃)ကြိမ်မြောက် အိုအေပက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် အဆိုပါရေနံဝန်ကြီးများက ယင်းကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်း ဖြစ်သည်။

## ကျေနပ်

(၈၃)ကြိမ်မြောက် အိုအေပက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် အယ်လ်ဂျီးရီးယားနိုင်ငံ အိုရန်မြို့၌ ကျင်းပခဲ့သော ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က လွန်ခဲ့သည့် တစ်နှစ်ကျော်က ချမှတ်ခဲ့သည့် လက်ရှိရေနံဈေးနှင့် ထုတ်လုပ်မှုခွဲတမ်းအပေါ် ကျေနပ်ကြောင်း တညီတညွတ်တည်း ပြောကြားသည်။

## လျော့ချ

နိုင်ငံတကာ ရေနံကုမ္ပဏီများသည် ၂၀၀၉ခုနှစ်တွင် ၂၀၀၈ခုနှစ်ကထက် ရင်းနှီးမြှုပ်နှံမှု ၂၀ရာခိုင်နှုန်းလျော့ချလိုက်ကြောင်း၊ အထူးသဖြင့် ရေနံသုတေသနနှင့် ရှာဖွေရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု လျော့ချခဲ့ကြခြင်းဖြစ်ကြောင်း အီဂျစ်ရေနံဝန်ကြီး ဆာမေဖာမီက ပြောကြားသည်။

အိုအေပက်အဖွဲ့ဝင် နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အိုအေပက်အဖွဲ့အောက်တွင် လုပ်ငန်းဆောင်ရွက်နေကြသော ကုမ္ပဏီများတိုးတက်ရေးဆိုင်ရာနည်းလမ်းများကို အိုအေပက်ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်ဟု အစည်းအဝေး သဘာပတိလည်းဖြစ်သူ ဖာမီက ပြောကြားသည်။ **(အင်တာနက်)**

# A(H1N1) ရောဂါကြောင့် ဂျပန်၌ လူ၁၀၀သေဆုံးပြီ

**တိုကျို ဒီဇင်ဘာ ၇**

ဂျပန်နိုင်ငံ၌ A(H1N1) ရောဂါ ဖြစ်ပွားခဲ့မှုကြောင့် သေဆုံးသူဦးရေ ၁၀၀ အထိရှိသွားပြီဖြစ်ကြောင်း၊ ယင်းရောဂါမှာ ကမ္ဘာတစ်ဝန်းဆက်လက်ပျံ့နှံ့နေဆဲဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဒီဇင်ဘာ ၆ရက်က ရေးသားဖော်ပြသည်။

ယင်းရောဂါဖြင့် ၁၀၀ဦးမြောက် သေဆုံးသူမှာ တိုကျိုမြို့ အနောက်ပိုင်းမှ အသက် ၇၄နှစ်ရှိ အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ ၎င်းသည် ရောဂါကူးစက်ခံရပြီး မကြာမီသေဆုံးခဲ့ကြောင်း မြို့အုပ်ချုပ်ရေးရုံးမှ သတင်းထုတ်ပြန်ချက်ကို ကျိုဒိုသတင်းဌာနက ကိုးကားဖော်ပြသည်။

## ဖော်ပြထား

အဆိုပါ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုမှာ နိုဝင်ဘာ ၂၇ရက်အထိ ၇၈၂၆ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ယင်းရောဂါမှာ ပြီးခဲ့သည့် မတ်လက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံအများအပြားမှ ယင်းရောဂါအတွက် ကာကွယ်ရေးများထုတ်လုပ်နေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# နိုင်ဂျီးရီးယား နျူကလီးယားစီမံကိန်း အိုင်အေအီးအေထောက်ခံ

**လေဂို့စ် ဒီဇင်ဘာ ၇**

နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)သည် နိုင်ဂျီးရီးယားနိုင်ငံ၏ နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်မည့် အစီအစဉ်ကို အပြည့်အဝထောက်ခံကြောင်း အိုင်အေအီးအေညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်ဗင်းစန့်နစ်ကွန်-နစ်ဂျော့ခ်က ထုတ်ဖော်ပြောကြားသည်။ နိုင်ဂျီးရီးယားအစိုးရသည် ပိုမိုကြီးထွားလာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် နျူကလီးယားစွမ်းအင်စီမံကိန်းကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# ဟားမတ်စ်တောင်းဆိုချက် အစ္စရေးလိုက်လျောသင့်ဟုဆို

ကိုင်ရို ဒီဇင်ဘာ ၇

**အစ္စရေးနိုင်ငံသည် ဟားမတ်စ်တို့ ဖမ်းဆီးထားသည့် အစ္စရေးတပ်ဖွဲ့ဝင်အား ပြန်တွေ့လိုလျှင် ဟားမတ်စ်တို့၏ တောင်းဆိုချက်ကို လိုက်လျောရမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်က ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။**

အစ္စရေးတို့အနေဖြင့် ဟားမတ်စ်တို့၏ တောင်းဆိုချက်များကို ဝေ့လည်ကြောင်ပတ်ချဲ့ကားမပြောသင့်ကြောင်း၊ လိုက်လျောသင့်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

**(အင်တာနက်)**

# အီရန်အကျဉ်းသား ၇၉၃ဦး လွတ်ငြိမ်းချမ်းသာခွင့်ပေး

**တီဟီရန် ဒီဇင်ဘာ ၇**

အီရန်နိုင်ငံ ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက အကျဉ်းသား ၇၉၃ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

အီရန်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ်(၁၁၀)အရ ၎င်းအားအပ်နှင်းထားသော အာဏာဖြင့် အယာတိုလာအလီခါမေနီက အကျဉ်းသားများကို ယင်းသို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

**နည်းပညာပြိုင်ပွဲ**

**တရုတ်နိုင်ငံ ကျင်စုပြည်နယ်၌ (၁၆)ကြိမ်မြောက် ဆယ်ကျော်သက် နည်းပညာပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် ကျောင်းသားများအား ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။** (ဆင်ဟွာဓာတ်ပုံ)

# မော်တော်ကားရောင်းချရမှု အင်ဒိုနီးရှား၌ မြင့်တက်

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ၌ နိုဝင်ဘာလ၌ စုစုပေါင်း မော်တော်ကားအစီး ၄၉၂၀၀ကို ရောင်းချခဲ့ကြောင်း၊ နှစ်အလိုက် မော်တော်ကားရောင်းချရမှုကို လေ့လာကြည့်ပါက ၇၁ဒသမ၃ရာခိုင်နှုန်းတိုးလာကြောင်း မီဒီယာများက ဒီဇင်ဘာ ၅ ရက်တွင် ဖော်ပြသည်။

## ပြောကြား

၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ မော်တော်ကား ရောင်းချရမှု အခြေအနေကို နှစ်အလိုက်နှိုင်းယှဉ်ကြည့်ပါက ၂၃ ရာခိုင်နှုန်းအထိ တစ်ဟုန်ထိုး တိုးလာပြီး ၄၃၈၉၁၁ စီးအထိရှိသည်ဟု ပီတီအက်စ်ထရာဒိုင်ဟက်ဆု မော်တော်(အေဒီအမ်) အရောင်းဒါရိုက်တာ အာမီလီယာဂျန်ဒရာက ပြောကြားသည်ဟု အင်တာရာသတင်းဌာနက ကိုးကားဖော်ပြသည်။

**(အင်တာနက်)**

# အီရန်ကုန်သွယ်ရေးဌာန ၂၀ ကမ္ဘာတစ်ဝန်းတွင် ဖွင့်လှစ်မည်

တီဟီရန် ဒီဇင်ဘာ ၇

**အီရန်နိုင်ငံ၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်မှု တိုးမြှင့်ဆောင်ရွက်ရန် ပြည်ပကုန်သွယ်ရေးဌာနများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၅ရက်က စက်မှုလုပ်ငန်းနှင့်သတ္တုတွင်းကုန်သည်ကြီးများအသင်းမှ အကြီးအကဲ မိုဟာမက်ဒါဗာရီက ပြောကြားသည်။**

အီရန်အစိုးရအနေဖြင့် တိုးမြှင့်ဖွင့်လှစ်မည့် ကုန်သွယ်ရေးဌာန ၂၀အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျခံသုံးစွဲရန် သမ္မတ မာမွတ်အာမက်ဒီနီဂျက်က အတည်ပြုထားပြီးဖြစ်သည်။ ဆူဒန်နိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့တွင် ကုန်သွယ်ရေးဌာနများ စတင်တည်ဆောက်လျက်ရှိပြီး နှစ်နှစ်၊ သုံးနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်ဟု သိရသည်။ ယခုနှစ် နိုဝင်ဘာလတွင် အီရန်နိုင်ငံ၏ ပထမဆုံး ပြည်ပအခြေစိုက် ကုန်သွယ်ရေးဌာနကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။ **(အင်တာနက်)**

# အာဖဂန်နစ္စတန်မှ ထွက်ခွာသွားရန် အမေရိကန် ရည်ရွယ်ချက်မရှိသေးဟုဆို

*ဝါရှင်တန် ဒီဇင်ဘာ ၇*

*အမေရိကန်ပြည်ထောင်စုအနေဖြင့် ၂၀၁၁ခုနှစ်တွင်ဖြစ်စေ၊ မကြာမီကာလတွင်ဖြစ်စေ အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားရန် မရည်ရွယ်ကြောင်း အမေရိကန်သမ္မတ၏ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ဂျိမ်းဂျုန်းက ဒီဇင်ဘာ ၄ ရက်၌ ပြောကြားသည်။*

## *တွေ့ဆုံ*

*အမေရိကန်အစိုးရသည် မကြာမီတွင်လည်းကောင်း၊ အတိအကျပြောရလျှင် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားရန် ရည်ရွယ်ချက် မရှိပါကြောင်း ဝါရှင်တန်မြို့တွင် သတင်းထောက်များအား မစ္စတာဂျုန်းက တွေ့ဆုံပြောကြားသည်။*

## *ရုပ်သိမ်း*

*အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်မည်ဟု ဒီဇင်ဘာ ၁ ရက်က ကြေညာရာတွင် အမေရိကန်ပြည်ထောင်စုသည် ၂၀၁၁ခုနှစ် ဇူလိုင်လ၌ အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်းမည်ဟုသာ ပြောကြားသည်။* ***(အင်တာနက်)***

**ပက်ရှ်ဝါ၌ ပေါက်ကွဲ**

**ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။** (ယင်းပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

# အာဖဂန်၌ လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၇**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက် ကီလိုမီတာ၄၀အကွာရှိ ဝါဒက်စ်ပြည်နယ်၌ ဒီဇင်ဘာ ၅ ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ နေတိုး ဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက သတင်းထုတ်ပြန်သည်။

ဝါဒက်စ်ပြည်နယ် ဆာရက်အာဘတ်ဒေသ၌ နိုင်ငံတကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် မိုင်းရှင်းလင်းရေး ယာဉ်တစ်စီးမှာလည်း ပျက်စီးသွားခဲ့ကြောင်း ယင်းသတင်း၌ပါရှိသည်။ သေဆုံးသူမှာ အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်ဟု အိုင်အက်စ်အေအက်ဖ်က ဒီဇင်ဘာ ၆ရက်တွင် သတင်းထုတ်ပြန်ကြောင်း သိရသည်။

**(အင်တာနက်)**

# ဗီယက်နမ်စက်မှုကုန်ထုတ် ၁၁လအတွင်း ၃နှစ်ရာခိုင်နှုန်းကျော် မြင့်တက်

*ဟနွိုင်း ဒီဇင်ဘာ ၇*

*ဗီယက်နမ်စက်မှုကုန်ထုတ်တန်ဖိုးသည် ၂၀၀၉ခုနှစ် ပထမ ၁၁လအတွင်း၌ ဗီယက်နမ်သုံးငွေဒေါင် ၆၁၁ဒသမ၈၇ ထရီလီယံအထိရရှိကာ ပြီးခဲ့သည့်နှစ်ကထက် ၇ဒသမ၃ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အထွေထွေစာရင်းအင်းရုံးက ဒီဇင်ဘာ ၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။*

*ရေနံစိမ်းထုတ်လုပ်မှုသည် ယခုနှစ် ပထမ ၁၁လအတွင်း၌ ယခင်နှစ်ကထက် ၁၃ ဒသမ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကျောက်မီးသွေးထုတ်လုပ်မှုသည် ပြီးခဲ့သည့်နှစ်ကထက် ၅ဒသမ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဆိုသည်။* ***(အင်တာနက်)***

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

# ကျွန်းနိုင်ငံရှိရော့တာဒမ်နှင့် မာပူတိုဆိပ်ကမ်းမြို့ကြီးနှစ်မြို့

တိုး
ရေးသားသည်

**ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်နှင့်ပတ်သက်၍ ပြောဆိုကြသောအခါ ကမ္ဘာကြီးပူနွေးမှုကို မတားဆီးနိုင်လျှင် ကျွန်းနိုင်ငံငယ်လေးများ ရင်ဆိုင်ရနိုင်သော ပျောက်ကွယ်မည့် အန္တရာယ်ကိုသာ တွေးထင်စဉ်းစားတတ်ကြသည်။**

နယ်သာလန်နိုင်ငံမှ ရော့တာဒမ်ဆိပ်ကမ်းမြို့။ (အင်တာနက်ဓာတ်ပုံ)

### တွက်ဆထား

သို့သော် အဆိုပါကျွန်းနိုင်ငံငယ်ကလေးများသာမက ပင်လယ်သမုဒ္ဒရာအပေါ် မှီခိုအသက်ရှင်ကြသည့် သန်းပေါင်းများစွာသော ပြည်သူများနှင့် ကမ္ဘာ့အကြီးမားဆုံးသော ဆိပ်ကမ်းမြို့ကြီးများမှ ပြည်သူများမှာလည်း ဒုက္ခနှင့်ရင်ဆိုင်ရန်သာရှိသည်။ ဤသို့သော မြို့ကြီးများ၌ နေထိုင်ကြသူဦးရေသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် လက်ရှိအခြေအနေထက် ၇၀ ရာခိုင်နှုန်းတိုးလာမည်ဟုလည်း ကျွမ်းကျင်သူများက တွက်ဆထားကြရာ ရာသီဥတုပြောင်းလဲမှုကြောင့် ဒုက္ခသုက္ခနှင့်ကြုံတွေ့ရမည့် လူဦးရေသည် ထိုကာလအရောက်၌ များပြားလာမည့် လက္ခဏာရှိသည်။

### ဆိပ်ကမ်းမြို့

ပင်လယ်ရေမြင့်တက်လာလျှင် ဒုက္ခရောက်နိုင်သည့် ကမ္ဘာ့ဆိပ်ကမ်းမြို့ကြီးများ အကြောင်းကို စဉ်းစားသောအခါ နယ်သာလန်နိုင်ငံမှ ရော့တာဒမ်ဆိပ်ကမ်းမြို့ကြီးကို ပြန်ပြောင်းသတိရမိသည်။ ရော့တာဒမ်ဆိပ်ကမ်းမြို့သည် ဥရောပတွင် အကြီးမားဆုံး၊ အစည်ကားဆုံး ဆိပ်ကမ်းဖြစ်ပြီး လူဦးရေ ၅၈၀၀၈၆ ဦး (၂၀၀၇ခုနှစ် သန်းခေါင်စာရင်းအရ) နေထိုင်သည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ ရိုင်းမြစ်နှင့်မေယုမြစ်ဝကျွန်းပေါ်ရှိ တစ်ခုသော တူးမြောင်းကို ခွထိုင်ထားသည့် မြို့လည်းဖြစ်သည်။ ရေဘေးအန္တရာယ်ကို ကာကွယ်ရန် ဤမြို့၌ ဆည်တစ်ခုကို ၁၂၆၀ပြည့်နှစ်များကပင် တည်ဆောက်ထားသည်။ ၁၉၆၂ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ရော့တာဒမ်ဆိပ်ကမ်းသည် ကမ္ဘာပေါ်တွင် အစည်ကားဆုံး ဆိပ်ကမ်းဖြစ်သည်။ ယခုတော့ ရှန်ဟိုင်းက ဝင်နေရာယူလိုက်ပေပြီ။

၁၆ ရာစုကပင် လွတ်လပ်စွာနေထိုင်လာသည့် နယ်သာလန်နိုင်ငံသည် ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးတို့တွင် ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ သို့တိုင် နာဇီဂျာမနီတို့က ၁၉၄၀ ပြည့်နှစ် မေလ ၁၀ရက်တွင် ကျူးကျော်လာသဖြင့် ဒတ်ချ်တော်ဝင်မိသားစု အင်္ဂလန်သို့ ထွက်ပြေးရသေးသည်။ ရော့တာဒမ်မြို့ကိုလည်း ဂျာမန်တို့က လေကြောင်းမှတိုက်ခိုက်ရာ နာရီအနည်းငယ်အတွင်း ထောင်ပေါင်းများစွာသော အဆောက်အအုံများ ပျက်စီးကုန်သည်။ နယ်သာလန်နိုင်ငံသည် ၁၉၄၉ ခုနှစ်ရောက်မှ ကြားနေဝါဒကို စွန့်ကာ နေတိုးအဖွဲ့သို့ ဝင်လိုက်ခြင်းဖြစ်သည်။

### တည်ရှိနေ

ရော့တာဒမ်ဆိပ်ကမ်းမြို့၏ အဆောက်အအုံအများအပြားမှာ တာတမံများနောက်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ဤမြို့၏ဒေသအများစုမှာ ပင်လယ်ရေမျက်နှာပြင်အောက် တည်ရှိသည်။ တကယ်တော့ နယ်သာလန်တစ်နိုင်ငံလုံး၏ လေးပုံတစ်ပုံမှာ ပင်လယ်ရေမျက်နှာပြင်အောက်တွင် ရောက်ရှိနေသည်။

### စီမံကာကွယ်နိုင်

မည်သို့ပင်ဖြစ်စေ နယ်သာလန်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုအားမာန်ဖြင့် တူးမြောင်းများ၊ ရေနုတ်မြောင်းနှင့်တမံများ အထပ်ထပ်ကာရံထားသည့်အတွက် ရော့တာဒမ်ဆိပ်ကမ်းသည် ကမ္ဘာပေါ်တွင် ရေလွှမ်းမိုးမှုအန္တရာယ်မှ အကောင်းဆုံးစီမံကာကွယ်ပေးနိုင်သည့် မြို့တစ်မြို့အဖြစ် ရပ်တည်လျက်ရှိသည်။

## ကမ္ဘာ့ရာသီဥတုသည် သဘာဝအလျောက် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိ။ မျက်မှောက်ကာလ ရာသီဥတုပြောင်းလဲမှုတွင် ၉ဝရာခိုင်နှုန်းကျော်သည် လူ့ပယောဂကြောင့်ဖြစ်ရ။

မိုဇမ်ဘစ်နိုင်ငံ၏ မြို့တော် ဖြစ်သည့် မာပူတို ဆိပ်ကမ်းမြို့ ။ (အင်တာနက်ဓာတ်ပုံ)

### မာပူတို

ရေလွှမ်းမိုးမှုအန္တရာယ်ကို ရော့တာဒမ်မြို့ကဲ့သို့ တွန်းလှန်နေသည့် ကမ္ဘာ့အထင်ကရမြို့ကြီးတစ်မြို့မှာ မာပူတိုမြို့ဖြစ်သည်။ မာပူတိုသည် မိုဇမ်ဘစ်နိုင်ငံ၏ မြို့တော်ဖြစ်သည်။

### စွမ်းပကား

မိုဇမ်ဘစ်နိုင်ငံသည် အာဖရိကတိုက်တွင် ပင်လယ်ကမ်းခြေအရှည်ဆုံးပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မိုင် ၁၆၅၀ ပင်လယ်ကမ်းရိုးတန်းရှိသည့် နိုင်ငံဖြစ်သည်။ ပြည်သူ ၁၃သန်းခန့် ပင်လယ်ကမ်းရိုးတန်းဒေသတွင် အခြေချနေထိုင်သည်။ ပြည်သူများအား အခြားနေရာတွင် ပြန်လည်အခြေချနေထိုင်စေရန်မှာ မလွယ်ကူလှ။ နယ်သာလန်နိုင်ငံကဲ့သို့ မတတ်နိုင်ပေ။ တူညီသောပြဿနာကို ရင်ဆိုင်ရာ၌ ရော့တာဒမ်မြို့နှင့် မာပူတိုမြို့၏ စွမ်းပကားမှာ များစွာခြားနားသည်။

သို့သော် ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများသည် နိုင်ငံကြီးငယ် မဟူ ဆင်းရဲချမ်းသာမခွဲခြားဘဲ ရိုက်ခတ်နေမည်သာဖြစ်သည်။

### လူ့ပယောဂ

ကမ္ဘာ့ရာသီဥတုသည် သဘာဝအလျောက် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည်။ မျက်မှောက်ကာလ ရာသီဥတုပြောင်းလဲမှုတွင် ၉၀ ရာခိုင်နှုန်းကျော်သည် လူ့ပယောဂကြောင့်ဖြစ်ရကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့ (အိုင်ပီစီစီ)၏ ၂၀၀၇ ခုနှစ် အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ ။ **ကိုးကား-အင်တာနက်**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### ယူအေအီး၌ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံဖွင့်မည်

**အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)ရှိ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်သည့် ဒူဘိုင်းတာဝါ** (အပေါ်ပုံ)**ကို လာမည့်နှစ် ဇန်နဝါရီ ၄ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ယူအေအီးအရာရှိများက ဒီဇင်ဘာ ၇ရက်တွင် သတင်းထုတ်ပြန်သည်။**

### အိန္ဒိယနိုင်ငံအလယ်ပိုင်း အင်ဒိုရီမြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

အိန္ဒိယနိုင်ငံအလယ်ပိုင်း အင်ဒိုရီမြို့၌ ဒီဇင်ဘာ ၇ရက် နံနက်က စက်ရုံတစ်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

### စစ်ဘက်ဆိုင်ရာအထောက်အပံ့များ နီပေါသို့ အိန္ဒိယပြန်လည်ပေးပို့မည်

နီပေါနိုင်ငံသို့ စစ်ဘက်ဆိုင်ရာထောက်ပံ့မှုများ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက သဘောတူခဲ့သည်ဟု နီပေါအရာရှိများက ဒီဇင်ဘာ ၇ရက်၌ သတင်းထုတ်ပြန်သည်။

### မက္ကဆီကိုမြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား မူးယစ်မှောင်ခိုသမား ၁၃ဦး သေဆုံး

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်နှင့် မူးယစ်မှောင်ခိုသမားများ ဒီဇင်ဘာ၇ရက်က အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ မူးယစ်မှောင်ခိုသမား ၁၃ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

### ရုရှားနိုင်ငံတစ်ဝန်း မီးရှူးမီးပန်းထုတ်လုပ်သုံးစွဲမှုတားမြစ်

ရုရှားနိုင်ငံတစ်ဝန်း မီးရှူးမီးပန်း ထုတ်လုပ်သုံးစွဲမှုများအားလုံး ဒီဇင်ဘာ ၇ရက်မှ စတင်ပိတ်ပင်လိုက်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။

### တရုတ်ပြည်သူ ဂရသန်းကျော် အွန်လိုင်းမှတစ်ဆင့် စျေးဝယ်နေကြပြီ

တရုတ်နိုင်ငံ ပြည်သူများသည် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၇ရက်အထိ အွန်လိုင်းမှ စျေးဝယ်သူဦးရေသည် ဂရသန်းကျော်ရှိကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

### အိန္ဒိယအလယ်ပိုင်း နာဆယ်မြို့၌ မြေမြုပ်မိုင်းပေါက်ကွဲ၊ လေးဦးသေဆုံး

အိန္ဒိယနိုင်ငံအလယ်ပိုင်း နာဆယ်မြို့၌ ဒီဇင်ဘာ ၇ရက်က မြေမြုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ (အင်တာနက်)

# မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ် နှစ်ပတ်လည်သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ်နှစ်ပတ်လည် သုတေသန ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဌမအကြိမ် နှစ်ပတ်လည် သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ သုတေသနညီလာခံကို ၂၀၀၀ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် အဌမအကြိမ်အထိ ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း၊ သုတေသန ညီလာခံကျင်းပ၍ တွေ့ရှိလာသည့် သုတေသနရလဒ်များသည် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူပြုသည့်အပြင် ဝန်ကြီးဌာန အသီးသီး၌ရှိသည့် သုတေသနဌာနများ၊ တက္ကသိုလ်များမှ ဆောင်ရွက်တွေ့ရှိထားသော သုတေသနရလဒ်များသည်လည်း လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍအသီးသီး၌ လက်တွေ့အသုံးချနိုင်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့မြင်ရကြောင်း။

## သိသာထင်ရှား

မြန်မာနိုင်ငံ၏လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများကစုစုပေါင်းပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၄၂ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန် စုစုပေါင်း၏ ၂၆ရာခိုင်နှုန်း ပါဝင်နေသဖြင့် မြန်မာ့စီးပွားရေးတွင် အဓိကကျသည့်ကဏ္ဍဖြစ်ကြောင်း သိသာထင်ရှားလျက်ရှိကြောင်း။

အဖိုးတန်သယံဇာတများ ပေါကြွယ်ဝလှသည့် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရေရှည်တည်တံ့စွာ အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အပိုအလျှံများကို ပြည်ပတင်ပို့ရောင်းချနိုင်ရေး ဦးတည် ကြိုးပမ်းရာတွင် စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေး၊ ဈေးကွက်တိုးတက် ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးတက်မြင့်မားလာရေးနှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဤနေရာ၌ ပညာရပ်ဆိုင်ရာ အလိုက် အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် အလွန်အရေးပါသည်ဆိုသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

## တိုးတက်ထုတ်လုပ်

လယ်ယာ၊သားငါးနှင့်သစ်တောကဏ္ဍ၏ ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခိုင်မာသည့် "အမျိုးသား စိုက်ပျိုးရေး သုတေသနစနစ် (NARS)" ထူထောင်ပြီး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ သုတေသီများ၊ တိုးချဲ့ပညာပေးဝန်ထမ်းများ၊ တောင်သူများနှင့် အဆင့်ဆင့်သော ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် ကွင်းဆက်များတွင် ပါဝင်နေကြသူအားလုံး အချိတ်အဆက် မိမိဖြင့် ထိရောက်ကောင်းမွန်သည့် သုတေသန ရလဒ်များ ဖော်ထုတ်အသုံးချ၍ ပြည်တွင်းရော ပြည်ပမှာပါ ယှဉ်ပြိုင်နိုင်စွမ်းအပြည့်ရှိသည့် လယ်ယာ၊ သားငါးနှင့် သစ်တော ထွက်ကုန်များကို တိုးတက် ထုတ်လုပ်နိုင်ကြမည်ဖြစ်ကြောင်း။

ဤသုတေသနညီလာခံ၌ သုတေသန စာတမ်းများကို တင်ပြဆွေးနွေးနေကြရုံဖြင့် မပြီးဘဲ တစ်ဆင့်တက်ပြီး ရလဒ်များကို လက်တွေ့အသုံးချနိုင်ရန်အတွက် ကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

## ပူးပေါင်းဆောင်ရွက်

လက်ရှိတွင် ဈေးကွက်၏ လိုအပ်ချက်နှင့်အညီ ပုဂ္ဂလိကကဏ္ဍကလည်း သူတို့၏ ထုတ်ကုန်ဝယ်လိုအား မြင့်မားစေရန် စိုက်ပျိုးထုတ်လုပ်သည့် နေရာများအရောက် လက်တွေ့သရုပ်ပြမှုများ၊ ပညာပေးမှုများဖြင့် စည်းရုံးဆွဲဆောင်လျက်ရှိကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိမိတို့ရရှိထားသည့် သုတေသနရလဒ်များ၊ လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို အပြန်အလှန် ဖလှယ်ခြင်း၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်သွားကြမှသာ သုတေသန လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

သုတေသန တွေ့ရှိချက်များကို လက်တွေ့နယ်ပယ်တွင် အောင်မြင်စွာ အသုံးချနိုင်ရေးအတွက် မိမိကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအနေဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ကြမှ ရလဒ် အခြေခံသုတေသန( Result-Oriented)များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများက တွေ့ရှိဖြန့်ဖြူးပေးလိုက်သည့် သုတေသနတွေ့ရှိချက် ရလဒ်များကို လက်တွေ့နယ်ပယ်တွင် အသုံးပြုရင်းဖြင့် တွေ့ကြုံရသော အခက်အခဲ၊ အဆိုးအကောင်းများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

## အရည်အသွေးမြင့်မား

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော အဓိကသီးနှံဆယ်မျိုး၏ ပန်းတိုင်အထွက်နှုန်းများ ရရှိနိုင်မည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်နိုင်ရေး၊ မြေ၊ ရေသယံဇာတများ အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းရေး၊ မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်လွန် ကာလအထိ ထိရောက်သည့် နည်းပညာများ အသုံးချနိုင်ရေး၊ သီးနှံအထွက်ကို တိုးတက်စေသကဲ့သို့ သီးနှံအရည်အသွေးကိုလည်း မြင့်မားလာစေပြီး ထာဝစဉ်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို ဖော်ထုတ်နိုင်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောကဏ္ဍ အနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေမြေ ရာသီဥတု သဘာဝမျှတဖို့အတွက် သစ်တော သယံဇာတများ စနစ်တကျ ထုတ်လုပ် ထိန်းသိမ်းရေး၊ ဇီဝမျိုးကွဲများ မပျက်သုဉ်းအောင် ပြုစုထိန်းသိမ်းရေး၊ ဂေဟစနစ် တည်တံ့ရေးတို့ကို ဦးတည်ပြီး သုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်နေခြင်းသည် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်အဖြစ်သာမက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများ မပျက်သုဉ်းရေး၊ သဘာဝသစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေး၊ သစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ ပိုင်ဆိုင်သည့် သစ်တောများထူထောင်ရေး၊ တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး၊ ဒီရေတောများ ပြန်လည်တည်ထောင်ရေး၊ ကာကွယ်ရေးနှင့် စနစ်တကျအသုံးပြုရေး၊ အသုံးချသုတေသန လုပ်ငန်းများကို မျက်ခြည်မပြတ် တိုးတက်အောင် ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

## ထိန်းသိမ်းစောင့်ရှောက်

မွေးမြူရေးကဏ္ဍ အနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ ပွားများရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများတိုးတက်လာရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါး၊ ပုစွန် သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့ကို ဦးတည်ပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသယံဇာတများ ဆုတ်ယုတ်မှုကိုလည်း စောင့်ကြည့်လေ့လာပြီး သင့်လျော်သည့် နည်းလမ်းများ ချမှတ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အကြံပြု စီမံဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ သုတေသီများကို မှာကြားလိုကြောင်း။

## ကြိုးစားဆောင်ရွက်

စိုက်ပျိုးရေး၊ သစ်တာ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်စေရန် ပညာရှင်များ၏ အရည်အသွေးနှင့် ခေတ်မီနည်းပညာ စွမ်းအားတို့ ပေါင်းစပ်ပြီး သုတေသန ပြုလုပ်မှုနှင့်အတူ ရလဒ်ကောင်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်မှုသည် ပုဂ္ဂလိကအခန်းကဏ္ဍကတက်ကြွစွာပါဝင်ပြီး နိုင်ငံတော်၏ အားပေးကူညီမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့နယ်ပယ်အလိုက် ကျရာအခန်းကဏ္ဍမှ နိုင်ငံအတွက် ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြရာတွင်-

- **နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍများ ဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ့ရိက္ခာ ဖူလုံရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရုက္ခနှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေး၊ ဂေဟစနစ် မပျက်ယွင်းအောင် ထိန်းသိမ်းကာကွယ်ရေး စသည့် လုပ်ငန်းများ၌ အရည်အသွေး မြင့်မားသည့် နည်းပညာများကို ကဏ္ဍအလိုက် လိုက်လျောညီစွာ၊ ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်၏ လယ်ယာ၊သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီ နည်းပညာများနှင့်ပေါင်းစပ်ပြီး အမျိုးသား အကျိုးစီးပွားအတွက် အကျိုးရှိရှိ ရေရှည်တည်တံ့စွာ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **အသိပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ် လူ့စွမ်းအားအရင်း အမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် အစီအမံများ စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **အမျိုးသား အကျိုးစီးပွားအတွက် ရေးရှုပြီး စဉ်ဆက်မပြတ် ကြိုးဆွေးတော တီထွင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးများ၊ ပညာရှင် အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးများနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့က ပြသထားသည့် သုတေသနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

## ဖတ်ကြားတင်ပြ

ယင်းနောက် ကဏ္ဍအလိုက် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သုတေသန စာတမ်း ၁၉စောင်ကို နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၌လည်းကောင်း၊ သစ်တောကဏ္ဍဆိုင်ရာ သုတေသန စာတမ်း ၁၇စောင်ကို နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသနဌာန၌ လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍဆိုင်ရာ သုတေသနစာတမ်း ၁၈စောင်ကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌လည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အဆိုပါ သုတေသနညီလာခံ၏ စာတမ်းဖတ်ပွဲများကို ဒီဇင်ဘာ ၉ရက်အထိ သတ်မှတ်နေရာအသီးသီး၌ နေ့စဉ် နံနက် ၉နာရီမှ စတင်ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၇

International Exhibition Management Services ( IEMS Company Limited) သည် အီလက်ထရွန်နစ်နှင့် လူနေမှုစတိုင်ပြပွဲ ၂၀၀၉ ( Electronics & Lifestyle 2009) ကို ဒီဇင်ဘာ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲကို NIBBAN Electric & Electronic ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် Panasonic, Chen Hong, Mitsubishi တို့မှ စွမ်းအင်ချွေတာသည့် နည်းပညာအသစ်အဆန်းပစ္စည်းများကို အထူးပြသမည်ဖြစ်သည်။

Acer, Lucky Bird, Myanmar Technology Zone, Blu Ray, KMD, King Empire, Cyber City, NCTC, Unique, Red Link, P.I.T Trust Net, Sm$^3$, MBC, Integra, Golden Rain, Notebook mart, Cho Cho တို့မှ အဆင့်မြင့်နောက်ဆုံးပေါ် Laptop များ၊ Software System များ၊ Asia General Electric မှ Transformer များ၊ Golden Lion, I. E. M တို့မှ Online U. P. S များ၊ Future Step, Fudak တို့မှ Induction Cooker များ၊ Canon, Concordia မှ Printer နှင့် Copierများ၊ Ever Seiko, Amtt Company, Smart Electronic Dictionary, Toshiba Kyaw Win, Three Friends Trading, Setra, Revo, Rinnai, AEK, Aung Myanmar, Atlas, Romanson, Rhythm, Moon Fancy, MNZ, Khind, Maco, Mistral, Asahi, Omica တို့မှ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နှင့် ခေတ်မီအိမ်သုံး ပစ္စည်းများ၊ New Mobile, DO CO MO, Great Mobile, Mobile Friend, Hisense တို့မှ နည်းပညာသစ် Mobile Handset များနှင့် ဆက်စပ်ပစ္စည်းများ၊ Ocean Glory (Leeco), Universal Furniture, Nat Ray (Gold Coin) တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံးနှင့် ဆန်းသစ်သောပရိဘောဂများကို ခင်းကျင်းပြသမည် ဖြစ်သည်။

ပြပွဲသို့ လာရောက်သူများကို သရုပ်ပြဖျော်ဖြေမှုများအပြင် IEMS Company အနေဖြင့် နေ့စဉ် အဝတ်လျှော်စက် သို့မဟုတ် ရေခဲသေတ္တာတစ်လုံးကို ကံစမ်းမဲ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ပြပွဲအကြောင်း အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၄၈၈၀၉၈၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မက်မန်းမြို့ မြို့ဝင်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

# နိုင်ငံတော်က ဓာတ်ပုံလောကဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးအားပေး ခေတ်နှင့်အညီ ဓာတ်ပုံဆိုင်ရာနည်းပညာများကို လေ့လာမြှင့်တင်

ရန်ကုန် ဒီဇင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ စုဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ''မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ''ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## နိုင်ငံတကာကိုထိုးဖောက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် ဓာတ်ပုံပြိုင်ပွဲ၌ ယခင်နှစ်ကထက် ပြိုင်ပွဲဝင်သူ အရေအတွက်ရော ပြိုင်ပွဲဝင်ဓာတ်ပုံအရေအတွက်ပါ များပြားလာသည့်အပြင် အရည်အသွေးလည်းမြင့်မားလာကြောင်း၊ ဤသည်မှာ မြန်မာနိုင်ငံဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်၊ အိုင်တီခေတ်ဖြစ်ရာ နည်းပညာတွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရန် စာပေသည် အရေးကြီးကြောင်း၊ စာပေဆိုရာ၌ ဓာတ်ပုံပညာသည်လည်း တစ်ခန်းတစ်ကဏ္ဍ ပေါင်းစပ်ပါဝင်လျက်ရှိကြောင်း၊ ခေတ်နှင့်အညီ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဓာတ်ပုံပညာ နယ်ပယ်သည်လည်း ကျယ်ပြန့်လာကြောင်း၊ ထို့ကြောင့် ဓာတ်ပုံပညာရှင်များအနေဖြင့် တိုးတက်လာသော ခေတ်နှင့်အညီ ဓာတ်ပုံဆိုင်ရာ နည်းပညာများကို လေ့လာမြှင့်တင်ကြပြီး ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် မီဒီယာသည် အလွန်သြဇာကြီးမားကြောင်း၊ မိမိတို့က နောက်ကျန်နေလျှင် သူများက ဝင်ရောက်လွှမ်းမိုး နေရာယူသွားမည်ဖြစ်ကြောင်း၊ မီဒီယာနယ်ပယ်တွင် ဓာတ်ပုံပညာသည် အရေးပါလှသည်ဖြစ်ရာ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင်၊ နိုင်ငံတကာကို ထိုးဖောက်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

## တိုးမြှင့်ဖော်ဆောင်

ယခုအချိန်တွင် အာဆီယံအဖွဲ့ကြီးကို ၂၀၁၅ခုနှစ်၌ တစ်ခုတည်းသော လူမှုအသိုက်အမြုံဖြစ်စေရန် ဆုံးဖြတ်ဖော်ဆောင်နေပြီဖြစ်ရာ ယင်းသို့ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် မဏ္ဍိုင်ကြီးသုံးခုအနက် ပြန်ကြားရေး၊ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍများ၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ASEAN Socio Cultural Community Blueprint (Ascc) အဖြစ်ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းစဉ်များအရ အာဆီယံနိုင်ငံများအားလုံးနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ဖော်ဆောင်ရာတွင် ဓာတ်ပုံပညာရှင်များသည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် ဓာတ်ပုံလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်က ပံ့ပိုးအားပေးလျက်ရှိရာ တစ်ဖက်ကလည်း ဓာတ်ပုံလောကသားများကိုယ်တိုင်က ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မကြာမီ ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းတော့မည်ဖြစ်ရာ နိုင်ငံ၏ အဓိကမဏ္ဍိုင်ကြီး (၄)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးများနှင့် ၎င်းတို့အား ထိန်းကျောင်းမည့် စတုတ္ထမဏ္ဍိုင် စာနယ်ဇင်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးခိုင်မာနေရန် အရေးကြီးကြောင်း။

ယခင်ခေတ်ကာလများက စတုတ္ထမဏ္ဍိုင်ကို ကောင်းစွာ မထူထောင်နိုင်ခဲ့ကြောင်း၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲတို့ကြောင့် စတုတ္ထမဏ္ဍိုင် အကွဲကွဲအပြားပြားဖြစ်ခဲ့ရပြီး တိုင်းပြည်နှင့် လူမျိုးနစ်နာခဲ့ရကြောင်း၊ အမှန်စင်စစ် စတုတ္ထမဏ္ဍိုင်သည် အမျိုးသား အကျိုးစီးပွားကို အခြေခံရန်လိုကြောင်း၊ ထို့ကြောင့် ဓာတ်ပုံလောကသားများသည်လည်း စုစည်း ညီညွတ်သည့် အသင်းအဖွဲ့တစ်ရပ်အနေဖြင့် စည်းစည်းလုံးလုံး ပူးပေါင်းပါဝင်လျက် နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ကို အောင်မြင်အောင် ထူထောင်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၁၀ခုနှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ''မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များ''ရောင်စုံဓာတ်ပုံ ပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းအောင်ကျော်ထင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ဆုများရွေးချယ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းအောင်ကျော်ထင်၊ ဒုတိယဆုရရှိသော စောသိန်းဝင်း(City News)နှင့် တတိယဆုရရှိသော ဦးကိုကိုခိုင် (IPRD)တို့အား ဆုချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ငြိမ်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်တို့က အထူးဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိကြသူများကိုယ်စား ပထမဆုရရှိသူ စစ်ကိုင်းအောင်ကျော်ထင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆုရဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

# သန့်လေးသန့် ကျန်းမာရေးပညာပေးအစီအစဉ် သဘင်အစည်းအရုံးဝင်များ ကပြဖျော်ဖြေ

*နေပြည်တော် ဒီဇင်ဘာ ၇*

*ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လပွတ္တာခရိုင်၊ မြို့နယ် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကူညီဆောင်ရွက်ပေးမှုဖြင့် ယူနီဆက်ဖ်နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို)တို့ ပူးပေါင်းစီစဉ်သည့် သန့်လေးသန့် ကျန်းမာရေးပညာပေးမှု အစီအစဉ်များကို ဧရာဝတီတိုင်းအတွင်း ပြီးခဲ့သည့်နှစ် မေလက မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် လပွတ္တာမြို့နယ်အတွင်း ကျေးရွာ ၅၀တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် ဇာတ်အဖွဲ့များဖြစ်သော မိုးကြိုးဇာတ်သဘင်၊ မြတ်နိုးမှုဇာတ်သဘင်၊ ဒို့မြန်မာဇာတ်သဘင်၊ ရွှေဂန္ဓဝင်ဇာတ်သဘင်နှင့် ရွှေမေတ္တာ ဇာတ်သဘင်အဖွဲ့များက နိုဝင်ဘာ ၅ရက်မှ ၂၉ရက်အထိ ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

# မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ

ရန်ကုန် ဒီဇင်ဘာ ၇

## လက်ပံတန်းမြို့နယ်အသင်း သက်ကြီးဘိုးဘွားများထောက်ပံ့

*လက်ပံတန်းမြို့နယ်အသင်း ပထမအကြိမ် အသက်(၉၀)နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့လှူဒါန်းပွဲကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကိုးနဝင်းဓာတ်ပေါင်းစုဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဦးအောင်သိန်း (ဗိုလ်မှူးကြီး-ငြိမ်း)က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အသက် ၁၀၅ နှစ်ရှိ အဘွား ဒေါ်အုန်းပွင့်အပါအဝင် အဘိုးအဘွား ၇၃ ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ထောက်ပံ့လှူဒါန်းကြသည်။ (၁၇၅)*

## မြင်းမူမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

*၂၀၀၉ခုနှစ် မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၄ရက် ညနေ ၄ နာရီခွဲက မြင်းမူမြို့ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်းက ပြိုင်ပွဲကိုဖွင့်လှစ်ပြီး ကွင်းဖွင့်ပွဲအဖြစ် အရှေ့ပိုင်းရပ်ကွက် ဘောလုံးအသင်းနှင့် တောင်ပိုင်းရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းရပ်ကွက် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (၀၃၅)*

## မိုးမောက်စည်ပင် ကျေးလက်လမ်းများ သဲကျောက်ခင်း

*ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းမှ ကျေးလက်လမ်းဖြစ်သော မြို့ဟောင်းကျေးရွာဝင် လမ်းမကြီး သဲကျောက်ခင်းခြင်းကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းစိုးဦးတို့ သွားရောက်စစ်ဆေးသည်။ (မြို့နယ် ပြန်/ဆက်)*

## မိုးကောင်းစည်ပင် လမ်းတံတားပြင်ဆင်ပြုပြင်

*ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် နိုဝင်ဘာ ၁၅ ရက်က အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးညီညီထွန်းတာဝန်ယူ၍ မိုးကောင်းမြို့ အောင်ဇေယျ ကတ္တရာလမ်းပေါ်မှ လမ်းပေါက်များနှင့် ချိုင့်ခွက်များ ဖာထေးပြုပြင်မှုကို မြို့နယ် စည်ပင်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဝင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (၀၀၁)*

## သောက်သုံးရေရရှိရေး ဆီဆိုင်၌ ဆောင်ရွက်

*ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ပင်စုံ(မြောက်)ကျေးရွာ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေလှောင်ကန် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်မှုကို နိုဝင်ဘာ ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒေါ်ရီရီမေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)*

## ဒေးဒရဲ၌ ပညာ့အလင်းစာကြည့်တိုက်ဆောက်လုပ်

*ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် ပညာ့အလင်းစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် ဒေးဒရဲမြို့နယ် ဦးစီးမှူးဒေါ်မြင့်မြင့်ခိုင်တို့ နိုဝင်ဘာ ၂၈ရက်က ကွင်းဆင်းကြည့်ရှုကြသည်။ (မြို့နယ် ပြန်/ဆက်)*

## ခင်ဦးမြို့နယ်၌ တိုင်းရင်းဆေးအခမဲ့ ကွင်းဆင်းကုသ

*ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့သစ်ကျေးရွာ အလက(ခွဲ)၌ တိုင်းရင်းဆေး အခမဲ့ ကွင်းဆင်းကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၃ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး ရုပ်ပျိုတိုင်းရင်းဆေးသမားတော်ကြီး ဒေါက်တာ ဦးဘိုကြီး-သုမ္မေသီဂီဒေါ်တင်နု မိသားစုတို့က မြို့သစ် အလက(ခွဲ)ပြုပြင်ရန် ငွေကျပ် လေးသိန်း၊ ရွှေယမင်း အမကအတွက် ငွေကျပ်နှစ်သိန်း၊ ကံကြီးကုန်း အမကအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ် ရှစ်သိန်းနှင့် ဗလာစာအုပ်ဒါဇင် ၆၀ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းက လက်ခံပြီး တိုင်းရင်းဆေးဖြင့် ဝေဒနာရှင်များအား အခမဲ့ဆေးကုသပေးသည်။ (၁၈၂)*

## ကျောက်တလုံးကြီး၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

*တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့်အဖွဲ့ နိုဝင်ဘာ ၂၀ရက်က နောင်ခဲကျေးရွာ အုပ်စု နောင်ယာဆိုင်းကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)*

## ရမည်းသင်း၌ စာပေဟောပြောပွဲ ကျင်းပ

*ရမည်းသင်းမြို့တွင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ရက်က ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပရာ ဒေါက်တာ တိုးလှ၊ သူရဇော်နှင့် ငြိမ်းမင်း(ဇာတ်ညွှန်း)တို့က စာပေရေးရာများ ဟောပြောကြသည်။ (၁၆၉)*

## တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီသရေဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အမှတ်(၈၈) ခြေမြန်တပ်မ ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စက်ရုံသစ်အတွင်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး Asia General Electric Co., Ltd. စက်ရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ၂၀၁၀ ခုနှစ် (၆၂)နှစ်မြောက် လွတ်လ

## အမျိုးသားရေးဦးတည်ချက် (၄)ရ

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ
အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ
စောင့်ရှောက်ရေး၊

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီ
တို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတ
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတ
စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်
အတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ
ကြိုးပမ်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အော
တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊
အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၁)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း နေပြည်တော်၌ ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသား သင်တန်းသူ ၁၀၈ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

### ဖွင့်လှစ်မည်

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် ဒီပလိုမာ စာရင်းကိုင်သင်တန်းကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Asia General Electric Co., Ltd. စက်ရုံသစ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက စက်ရုံကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

### လက်မှတ်ရေးထိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

### မြို့ဖြစ်လာ

ယင်းနောက် စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် စက်ရုံ၏ Function Room ၌ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များအား မန်နေဂျင်း

## အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၇

**အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF )တို့ ပူးပေါင်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး သင်တန်းအမှတ်စဉ် (၃/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်နယ် နယ်မြေခံတပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းနှင့် လုပ်ငန်းကော်မတီဝင်များ၊ UNICEF ၊ UNHCR ၊ ICRC ၊ Save the Children (Myanmar) နှင့် World Vision (Myanmar) တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ သင်တန်းသားအရာရှိ ၃၃ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် UNICEF ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha တို့က အမှာစကားပြောကြားကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNICEF ၊ UNHCR ၊ ICRC ၊ Save the Children (Myanmar) နှင့် World Vision (Myanmar)တို့မှ ဌာနေကိုယ်စားလှယ်များသည် သင်တန်းသားအရာရှိများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နယ်မြေခံတပ်အတွင်း ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

**အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်း၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကြိုတင်ကာကွယ်ရေး အသိပညာပေး သင်တန်းအမှတ်စဉ် (၃/၂၀၀၉) ဖွင့်ပွဲ အခမ်းအနားအပြီး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ UNICEF၊ UNHCR၊ ICRC၊ Save the Children (Myanmar) နှင့် World Vision (Myanmar) တို့မှ ဌာနေကိုယ်စားလှယ်များ လေ့လာကြည့်ရှုကြစဉ်။**

(သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

### ဖွင့်လှစ်ခဲ့

ပြည်ထောင်စုတစ်ဝန်းတွင် လမ်းတံတားများ ကွန်ရက်သဖွယ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မြစ်ကြီးနားမြို့နှင့် အရှေ့ဘက်ကမ်းရှိ ဝိုင်းမော်မြို့နေ ပြည်သူများ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်သည့် ဗလမင်းထင်တံတားကြီးကို ၁၉၉၈ခုနှစ် နိုဝင်ဘာ ၁၄ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ဗလမင်းထင်တံတားကြီးသည် အရှည် ၂၆၈၇ ဒသမ ၆၃ပေရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ဖြစ်ကာ အောက်ထည် သံကူကွန်ကရစ်ဖြစ်သည်။

### ရာသီမရွေး

ဗလမင်းထင်တံတားကြီးကြောင့် ယခင်က ဧရာဝတီမြစ်ကို ရေလမ်းခရီးဖြင့်သာ ဖြတ်သန်းနိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့် နယ်စပ်ဒေသပြည်သူများအတွက် ရာသီမရွေး ကူးလူးဆက်သွယ်နိုင်ပြီဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေး ကဏ္ဍများတွင် အသွင်ရောအမြင်ပါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)
၈-၁၂-၂၀၀၉(အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ **ကံခင်းဘိလပ်မြေစက်ရုံ**
၈:၁၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

**နေ့လယ်ပိုင်း**

၁:၀၀ ၁။ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**(မြန်မာနှင့်ဗီယက်နမ်)**
၂:၄၅ ၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄:၃၀ ၄။ ကြေးမုံရိပ်သွင်တေးနှယည်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ **ကြိုဆိုလျက်ပါ**

## ...နှစ် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့
## ...မျိုးသားရေးဦးတည်ချက် (၄)ရပ်

...က်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်းကာကွယ် ...ရှာက်ရေး၊

...တင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...က် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊

...တစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ...အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ ...မ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ... တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ...းဆောင်ရွက်ရေး၊

...က်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် ...င်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ...အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

...ectric
...ဖွင့်ပွဲ
(...င်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက စက်ရုံကမ္ဗည်းမှတ်တမ်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ နံ့သာရည်ဖြင့် ပက်ဖျန်း ပေးသည်။

### လက်မှတ်ရေးထိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

### မြို့ဖြစ်လာ

ယင်းနောက် စက်ရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် စက်ရုံ၏ Function Room ၌ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များအား မန်နေဂျင်းဒါရိုက်တာက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စက်ရုံမျိုးမှာ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ခေတ်မီအဆင့်မြင့် နည်းပညာများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းတိုးတက်ရေး ဆက်လက် ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး ကုမ္ပဏီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

...ဖွင့်လှစ်ခဲ့

...တွင် လမ်းတံတားများ ကွန်ရက်သဖွယ် ဖြစ်ထွန်း...ည်။ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ...က်ကမ်းရှိ ဝိုင်းမော်မြို့နေ ပြည်သူများ အလွယ်...င်သည့် ဗလမင်းထင်တံတားကြီးကို ၁၉၉၈ခုနှစ် ...င့်လှစ်ပေးခဲ့သည်။

...ကြီးသည် အရှည် ၂၆၈၇ ဒသမ ၆၃ပေရှိပြီး ...ပေါ်ထည် သံမဏိသံပေါင်ဖြစ်ကာ အောက်ထည် ...။

### ရာသီမရွေး

...ကြီးကြောင့် ယခင်က ဧရာဝတီမြစ်ကို ရေလမ်း...ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့် ...အတွက် ရာသီမရွေး ကူးလူးဆက်သွယ်နိုင်ပြီ ...ည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ...င် လူမှုရေး ကဏ္ဍများတွင် အသွင်ရောအမြင်ပါ ...ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြ

(မြန်မာ့အလင်း)

● ကျောဖုံးမှ

သတင်းခရီးသည်တို့နှင့်အတူ တိုင်းပြန်/ဆက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် ပန်းတောင်းစည်ပင်သာယာမှ အမှုဆောင်အရာရှိ ဦးစိုးမြင့်တို့လည်း သတင်းအဖွဲ့နှင့် လိုက်ပါလာကြသည်။

### ဖွံ့ဖြိုးလာ

ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်တင့်၏ ပြောပြချက်အရ မီးရထားလမ်းနှင့် မော်တော်



"ဥသျှစ်ပင်ဟာ ကျေးရွာကနေ မြို့ဖြစ်လာပါပြီ"
ဦးစောအောင်
ဥသျှစ်ပင်ကျေးရွာဒေသခံ။

ကား လမ်းဆုံရွာဖြစ်ခြင်းကြောင့် ဥသျှစ်ပင်သည် ဖွံ့ဖြိုးလာကြောင်း သိရ၍ လေ့လာရန် ပန်းတောင်းမြို့မှ ကားဖြင့် ခရီးဆက်ခဲ့ကြခြင်းဖြစ်သည်။

### အံ့အားသင့်

ဥသျှစ်ပင်သို့ ရောက်သည်ဆိုလျှင်ပင် "ဥသျှစ်ပင်မြို့မှ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကိုတွေ့ရ၍ အံ့အားသင့်မိသွားသည်။ အမှန်မှာ ဥသျှစ်ပင်သည် ကျေးရွာကြီးတစ်ရွာမျှသာ ဖြစ်သည်။ သို့သော် မြို့ဟု မသတ်မှတ်ရသေးသော်လည်း မြို့ပြဆန်ဆန် တိုးတက်ပြောင်းလဲခဲ့ပေသည်။

### ပညာ၊ကျန်းမာ

ဥသျှစ်ပင်သည် ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက်မှ တိုးတက်ခဲ့ပြီဖြစ်သည်။ ဥသျှစ်ပင်သည် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ပညာရေးမှာလည်း အခြေခံပညာအထက်တန်းကျောင်းကြီး တစ်ကျောင်းကို တွေ့ရသည်။ ထိုကျောင်းကြီးမှာ အလွန်ရှည်လျားစွာ ဆောက်လုပ်ထားသည့် ကျောင်းရှည်ကြီးသဖွယ်ဖြစ်နေသည်ကို တွေ့ရသည်။

ဥသျှစ်ပင်ရွာအနီးမှ ယခုအခါ ပုသိမ်-မုံရွာကားလမ်းမကြီးသည်လည်းကောင်း၊ ပန်းတောင်း-တောင်ကုတ်ကားလမ်းမကြီးသည် လည်းကောင်း ဖြတ်သန်းသွားရာ ဒေသတစ်ခုဖြစ်လာသည်။ ထိုလမ်းမကြီး နှစ်သွယ်တို့ ပေါင်းဆုံရာဒေသလည်းဖြစ်လာသည်။

### မြို့ဖြစ်လာ

"ကျွန်တော်တို့ဥသျှစ်ပင်မှာဒီလို လမ်းမကြီးတွေပေါ်လာတော့ ကျေးရွာက မြို့ဖြစ်လာပါတယ်။ ဒီလမ်းတွေ ဖောက်လုပ်မှုအပေါ် အကြောင်းပြုပြီး ပထမဈေးဆိုင်တွေ များလာတယ်။ ရွာတွေက ငွေကြေး တတ်နိုင်တဲ့သူတွေက ဥသျှစ်ပင်မှာ လာပြီး ကားတွေ ထောင်ကြတယ်။ ပွဲရုံတွေလုပ်လာကြတယ်။ တချို့ဆိုရင် ပြည်အထိ ကုန်တွေတက်မဝယ်ကြတော့ဘူး။ ပြည်နဲ့ ဥသျှစ်ပင် ကုန်ဈေးက အတူတူ ဖြစ်နေတာကိုး။ ဈေးသိပ်မကွာတော့ ဒီမှာပဲ ဝယ်ကြ၊ ခြမ်းကြတာပေါ့"ဟု ဒေသခံတစ်ဦး ဖြစ်သည့် ဦးစောအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပုသိမ်-မုံရွာလမ်းမကြီးကို ဥသျှစ်ပင်ကျေးရွာအနီးတွင် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

### ဥသျှစ်ပင်ဘူတာ

ဥသျှစ်ပင်သည် မော်တော်ကားလမ်းများသာမက မီးရထားလမ်းလည်း ပေါက်ပြီဖြစ်သည်။ အကြောင်းမှာ ၂၀၀၉ခုနှစ်အတွင်းဥသျှစ်ပင်-ကြံခင်း မီးရထားလမ်းကို လည်းကောင်း၊ ဥသျှစ်ပင်-ကံမ မီးရထားလမ်းကို လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

### ပိုမိုကောင်းမွန်

ဥသျှစ်ပင်-ကြံခင်းမီးရထားလမ်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ဧရာဝတီတိုင်း ဟင်္သာတ၊ ကြံခင်းမြို့များအထိ မီးရထားစီး၍ သွားနိုင်ကြပေပြီ။ ထို့အတူ ဥသျှစ်ပင်-ကံမ မီးရထားလမ်း ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် မကွေးတိုင်း-ကံမအထိ ရထားစီး၍ သွားနိုင်ကြပြီဖြစ်သည်။ ဤရထားလမ်းများ ဖွင့်လှစ်ပေးနိုင်သဖြင့် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများမှ ပြည်သူများ သွားလာရေး လွယ်ကူလာသည်။ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်လာမည် ဖြစ်သည်။

**ဥသျှစ်ပင်သည် မော်တော်ကားလမ်းများသာမက မီးရထားလမ်းလည်း ပေါက်ပြီ ဖြစ်သည်။ အကြောင်းမှာ ၂၀၀၉ ခုနှစ်အတွင်း ဥသျှစ်ပင်-ကြံခင်း မီးရထားလမ်းကိုလည်းကောင်း၊ ဥသျှစ်ပင်-ကံမ မီးရထားလမ်းကိုလည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်၏။**

ဥသျှစ်ပင်ဘူတာတွင် ရထားစောင့်နေသော ခရီးသည်များ....။ (မြန်မာ့အလင်း)

### တိုးတက်ပြောင်းလဲ

ဥသျှစ်ပင်၏ တိုးတက်ပြောင်းလဲမှုများမှာ စာဖွဲ့၍ပင် မဆုံးနိုင်အောင်ရှိခြေတော့၏။ အကြောင်းမှာ ရပ်မိရပ်ဖဖြစ်သူ ဦးစောအောင်၏ ကူညီမှုဖြင့် ဥသျှစ်ပင်ဓာတ်အားပေးခွဲရုံသို့ သွားရောက် လေ့လာခဲ့ရခြင်းကြောင့်ပင် ဖြစ်သည်။ ထိုဓာတ်အားပေးခွဲရုံကြီး တည်ဆောက်မှု ပြီးစီးသွားပါက ညောင်ခြေထောက်၊ မြန်အောင်၊ ပြည်နှင့် ဆင်တဲတို့သို့ ဓာတ်အားများ ပိုမို ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

### မြို့ပြအဖြစ်

သို့ပါ၍ တစ်ချိန်က ကျေးရွာအဆင့်သာရှိခဲ့သော ဥသျှစ်ပင်သည် ယခုအခါ အဘက်ဘက်မှ တိုးတက် ပြောင်းလဲလာပြီဖြစ်၍ မြို့ပြအဖြစ် ပြောင်းလဲလာပြီ ဖြစ်ပါကြောင်းကွင်းဆင်းခရီး တင်ပြလိုက်ပါကြောင်း။ ။

(မြန်မာ့အလင်း)

### ကွန်ကရစ်ဇလီဖားတုံးစက်ရုံ

ဥသျှစ်ပင် ဘူတာအနီး ကွန်ကရစ်ဇလီဖားတုံးစက်ရုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

## မြောက်ပိုင်းဒေသများ၌ ညအပူချိန် တိုးလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့် သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ဒီဇင်ဘာ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

...းစို့
...တေး
...က်ရုံ
...အက
...ဒေသာ
...ws
...ရှေ့တောင်
...ပွဲ
...ပြိုင်ပွဲ
...ဒီယက်နမ်)

၂း၄၅ ၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၃၀ ၄။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ **ကြိုဆိုလျက်ပါ**
၅း၂၀ ၈။ တေးဂီတအစီအစဉ်
၅း၃၅ ၉။ အကပြိုင်ပွဲ
၅း၄၅ ၁၀။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ၁၄။ ဆိုလိုက်ကြစို့
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၅)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၆)

# ထူးခြားလာသည့် ဆေးပညာသတင်းဆန်းများ(၄)

**ဒေါက်တာကံညွန့်**

ယခုဆေးပညာသတင်းဆန်းများအနေဖြင့် လူနေမှုအလေ့အကျင့်များနှင့် ကျန်းမာရေးပတ်သက်နေပုံ လေ့လာချက်များကို အထူးစုဆောင်း တင်ပြလိုပါသည်။ ပထမဦးစွာ ဗြိတိသျှဆေးပညာရှင်၏ လေ့လာချက်ဖြစ်ပါသည်။ ၄င်းမှာ ကလေးများကို လေးနှစ်အရွယ်ခန့်ကပင် အိပ်ရာဝင်တစ်ကြိမ်၊ နံနက်စောစော အိပ်ရာထတစ်ကြိမ် သွားမှန်မှန်တိုက်၊ ခံတွင်းသန့်ရှင်းရေး လုပ်ပေးစေခြင်းဖြင့် ယင်းကလေးသည် လူကြီးအရွယ်တွင်ဖြစ်လာမည့် ခံတွင်းရောဂါများနှင့် အစာအိမ်လမ်းကြောင်းရောဂါများကို ၆၀ရာခိုင်နှုန်း ကာကွယ်နိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။

နောက်သတင်းတစ်ပုဒ်မှာ ကလေးငါးနှစ်အရွယ်ကစ၍ (၁၅)နှစ်အရွယ်ခန့်အထိ တစ်နေ့လျှင် နှစ်နာရီခန့် နေရောင်ထဲ ဆော့ကစားစေခြင်းဖြင့် မျက်စိအဝေးမှုန်ရောဂါ (Myopia) ကို ကာကွယ်နိုင်သည်ဆိုသော သတင်းဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံ ဆေးသိပ္ပံပညာရှင်များ၏ လေ့လာချက်အရ စင်ကာပူနိုင်ငံတွင် အဝေးမှုန်ရောဂါဖြင့် မျက်မှန်တပ်ဆင်ထားရသူ ၉၀ရာခိုင်နှုန်းခန့်ရှိပြီး ဩစတြေးလျနိုင်ငံတွင် ၂၀ရာခိုင်နှုန်းသာရှိကြောင်း၊ စင်ကာပူနိုင်ငံ၌ အသက်ခြောက်နှစ်မှ ခုနစ်နှစ်အရွယ် ကလေးများ၏ ၃၀ရာခိုင်နှုန်းမှာ Myopia ခေါ် အဝေးမှုန်ရောဂါရှိနေကြောင်း၊ ဩစတြေးလျနိုင်ငံရှိ ယင်းအသက်အရွယ် ကလေးများတွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ထို့ကြောင့် ၁၀ဆမျှ ကွာခြားနေကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ စင်ကာပူနိုင်ငံရှိ ကလေးများမှာ နေရောင်အောက်တွင် ဆော့ကစားချိန်နည်းပြီး စာများသာ ဖတ်နေကြသဖြင့် ထိုသို့ဖြစ်ရကြောင်း၊ ဩစတြေးလျနိုင်ငံရှိ ကလေးများမှာ ထိုသို့မဟုတ်ဘဲ နေရောင်ထဲတွင် ကစားကြသောကြောင့် Myopia ရောဂါ လျော့နည်းကြောင်း၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့တွင်လည်း မျက်မှန်တပ်သူကလေးများ တိုးလာနိုင်ကြောင်း တင်ပြထားသည်။ ၄င်းတို့၏ လေ့လာချက်အရ နေရောင်ခြည်သည် ခန္ဓာကိုယ်တွင်း၌ Dopamine ဓာတ်ကိုမြှင့်တင်စေပြီး ၄င်း Dopamine ဓာတ်သည် မျက်စိအလုံး ကြီးထွားမှုကို ဟန့်တားနိုင်ကြောင်း ၄င်းတို့၏ သုတေသနပြုချက်ကို တင်ပြထားသည်။ မျက်စိအလုံး လိုသည်ထက်ပို၍ ကြီးနေခြင်းသည် Myopia ဖြစ်ခြင်း၏ အဓိကအကြောင်းတစ်ခု ဖြစ်သည်။

နောက်သတင်းတစ်ပုဒ်မှာ အသားကင် နေ့တိုင်းစားနေကြသူတွေအတွက် သတိထားစရာပါ။ အသားကင်ကို နည်းနည်းပိုကျက်အောင်ကင်၍ မည်းသွားပြီး စားခြင်းသည် ပင်ကရိယပ်စ်ကင်ဆာဖြစ်ရန် အခွင့်အလမ်း ၆၀ရာခိုင်နှုန်း ပိုရှိကြောင်း အမေရိကန်နိုင်ငံ Mimnesota တက္ကသိုလ်မှ လေ့လာသူတစ်စုက တင်ပြထားသည်။ ၄င်းတို့၏ လေ့လာချက်အရ အမဲသားမီးကင်မှာပါသော Heterocyclic Amines ဓာတ်သည် Cancer ရောဂါ ဖြစ်စေကြောင်း တင်ပြထားသည်။

နောက်သတင်းတစ်ပုဒ်မှာလည်း အမဲသား(Red Meat) စားသူများအတွက် ဆင်ခြင်နိုင်စရာသတင်းတစ်ပုဒ်ပါ။ ယင်းသတင်းမှာ အမဲသားအစားများသူသည် အသက်ကြီးလာသောအခါ မျက်စိ၌ဖြစ်တတ်သော(AMD)ခေါ် Age- Related Macular Degeneration သက်ကြီး မျက်စိအာရုံလွှာချို့ယွင်းသည့် မျက်စိမှုန်ရောဂါဖြစ်လာနိုင်ကြောင်း တွေ့ရှိချက်ဖြစ်လေသည်။

၄င်းကို Australia နိုင်ငံ Melbourne တက္ကသိုလ်မှ သုတေသီတစ်စုက လေ့လာထားခြင်းဖြစ်သည်။ ၄င်းတို့သည် အသက် ၅၈နှစ်မှ ၆၉နှစ်အရွယ် လူပေါင်း ၅၆၀၀ကို ၁၉၉၀ မှ ၁၉၉၄အတွင်း လေ့လာပြီး ယင်းလူများကိုပင် ၂၀၀၃ ခုနှစ်မှ ၂၀၀၆ခုနှစ် ဆယ်နှစ်ကြာပြီး အသက် ၆၆ နှစ်မှ ၈၅နှစ်အရွယ်ရောက်မှ လေ့လာကာ သုတေသနပြု တင်ပြခြင်းဖြစ်သည်။ Red Meat တွင် ပါဝင်သော ဓာတ်ပေါင်းတစ်ခုသည် Oxidative Process တစ်ခုကို ဖြစ်စေပြီး ယင်းသည် မျက်စိအာရုံခံလွှာ (Retina) ကို အဆိပ်သင့်စေသည်ဟု တင်ပြထားကြသည်။

ဆေးလိပ်သောက်သည့်အကျင့်သည် ကျန်းမာရေးအား ထိခိုက်စေခြင်းကို လူတိုင်းသိပြီးဖြစ်သည်။ ယခုတစ်ဖန် ဆေးလိပ်သည် နှလုံးရောဂါဖြစ်စေရန် မည်သို့ အထောက်အကူပြုကြောင်း လေ့လာထားချက်ကိုလည်း တင်ပြလိုပါသည်။ ဆေးလိပ်မှာပါဝင်သော Nicotine ဓာတ်သည် ကိုယ်ခန္ဓာထဲ ရောက်သွားသည့်အခါ Insulin ဓာတ်၏ အစွမ်းသတ္တိကို ဆန့်ကျင်စေခြင်းဖြင့် ယင်းဆေးလိပ်သောက်သူသည် အကြိုဆီးချိုဝေဒနာရှင် Pre- Diabetic အခြေအနေရှိသူအဖြစ် ရောက်ရတော့သည်။ ၄င်းအခြေအနေတွင် သွေးထဲရှိ သကြားဓာတ်တက်လာခြင်း၊ သွေးတိုးခြင်းတို့ဖြစ်ကာ လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်းသို့ တွန်းပို့သကဲ့သို့ဖြစ်ကြောင်း အမေရိကန်နိုင်ငံ Los Angelis မြို့မှ သုတေသနပညာရှင်တစ်စု၏ အစီရင်ခံထားပါသည်။ ဆေးလိပ်သောက်သူများအတွက် နောက်သုတေသနပြုချက်တစ်ခုမှာလည်း ဆေးလိပ်သောက်သူများတွင် သွေးလွှတ်ကြော၌ သွေးစီးဆင်းမှုအား ၃၆ရာခိုင်နှုန်း နှေးကွေးသွားစေနိုင်ခြင်းဖြင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်ကြောင်း အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ သုတေသီတစ်စု၏ လေ့လာချက်တွင် ဖော်ပြထားပြန်သည်။

နောက်သတင်းတစ်ပုဒ်မှာ ဆေးလိပ်တွင်ပါဝင်သော Nicotine ဓာတ်သည် ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် တခြားဦးခေါင်းနှင့်လည်ပင်းမှ ကင်ဆာအမျိုးမျိုးပြန့်ပွားရန် တွန်းအားပို့ပေးနေကြောင်း၊ Cancer Cells များ၏ မျက်နှာပြင်တွင် Nicotine Recepter ၁၀ခုမှ ၁၂ခုစီ ရှိနေခြင်းက ၄င်းကင်ဆာ Cell များကို အဝေးသို့ပျံ့နှံ့အောင် အထောက်အကူပြုနေကြောင်း တင်ပြထားပါသည်။ ၄င်းကို American Association of Cancer Research ဂျာနယ်တွင် ဖော်ပြထားသည်။

ထို့ပြင် အဝလွန်သူများ (Obesity) အတွက် သုတေသနပြုထားချက်အမျိုးမျိုးကို စုပေါင်းတင်ပြလိုပါသည်။

အမေရိကန်နိုင်ငံတွင် လူအသေရဆုံးရောဂါသည် နှလုံးရောဂါဖြစ်ကြောင်း၊ တစ်နှစ်တွင် နှလုံးရောဂါကြောင့် ၂ ဒသမ ၄သန်း သေဆုံးရကြောင်း၊ ၄င်းနှုန်းသည် တစ်နေ့တွင် ၂၅၀၀ခန့်ရှိကြောင်း၊ နှလုံးရောဂါရှိသူ ၂ ဒသမ ၇ဦးတွင် တစ်ဦးသေဆုံးနေရသည်ဟု ဆိုသည်။ ခန့်မှန်းခြေ လူဦးရေ ၇၁သန်းမျှ နှလုံးရောဂါခံစားနေရပြီး သုံးပုံနှစ်ပုံမှာ ၆၅နှစ်အောက်အရွယ်ဖြစ်ကြောင်း ၂၀၀၆ ခုနှစ်ထုတ် အမေရိကန်နိုင်ငံ နှလုံးရောဂါအသင်းကြီး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် အရွယ်ရောက်ပြီးသူများ၏ ၆၆ ရာခိုင်နှုန်းမှာ အဝလွန်နေသူများဖြစ်ကြောင်း၊ ၁၉၈၀ ခုနှစ်မတိုင်မီက လူကြီးများတွင် အဝလွန်သူ ၁၅ရာခိုင်နှုန်းသာရှိခဲ့ကြောင်း ၄င်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ Harvard Medical Collage မှ သုတေသီတို့၏ လေ့လာချက်တစ်ခုတွင် အဝလွန်သူများတွင် အထူးသဖြင့် ခါး (size) ကြီးလာခြင်းသည် နှလုံးရောဂါဖြစ်ရန် အခွင့်အလမ်းပိုရှိကြောင်း၊ အမျိုးသားတစ်ဦးတွင် ခါး (size) 40"၊ အမျိုးသမီးတစ်ဦးတွင် ခါး (size) 35"ထက် ပိုမရှိသင့်ကြောင်း၊ အဝလွန်သူတို့တွင် တင်ပါး၊ ခြေထောက်နှင့် တခြားနေရာများတွင် ဝနေခြင်းထက် ခါးပတ်လည်ဝနေခြင်းက နှလုံးအတွက် အန္တရာယ်ရှိကြောင်း တင်ပြထားလေသည်။ ခါး (size) ကြီးလာခြင်းက အတွင်းရှိအရေးကြီးသည့် အင်္ဂါ (Vital Organs) များတွင် အဆီပိုများနေကြောင်း ညွှန်ပြနေကြောင်း၊ ၄င်းအဆီများနှင့်အတူ သွေးကြောနံရံများတွင်လည်း အဆီများကာ နံရံထူလာကြောင်း၊ ထိုမှတစ်ဆင့် သွေးကြောနံရံမာတောင့်လာကာ သွေးကြောပိတ်ရောဂါဖြစ်လာရကြောင်း တင်ပြထားလေသည်။

တချို့ အဝလွန်သူများသည် ခွဲစိတ်မှုကို အားကိုးကြကြောင်း၊ Obesity Surgery ဟုခေါ်သော Liposuction ခေါ် ခွဲစိတ်ကုသမှုသည် အပေါ်ယံအဆီကိုသာ ထုတ်ပစ်နိုင်ပြီး Vital Organs နှင့် သွေးကြောများတွင် ကပ်ရောက်နေသည့်အဆီကို ထုတ်ပစ်နိုင်ခြင်းမဟုတ်သဖြင့် ၄င်းခွဲစိတ်မှုသည် ကြည့်ကောင်းရုံသာရှိ၍ နှလုံးရောဂါကို မကာကွယ်နိုင်ကြောင်း အမေရိကန်နိုင်ငံ တက်ဆပ်စ်တက္ကသိုလ် လေ့လာရေးအဖွဲ့က အစီရင်ခံထားသည်။ ၄င်းအစီရင်ခံစာတွင် ထိုသို့ခွဲစိတ်ထားသူများ၏ သွေးထဲရှိသည့် (C-Reactive Protein) ကို စစ်ဆေးကြည့်သောအခါ မခွဲစိတ်ခင်နှင့် ခွဲစိတ်ပြီး ထူးခြားမလာကြောင်း၊ ၄င်း (CRP) ဓာတ်သည် နှလုံးရောဂါဖြစ်စေမှုတွင် အရေးပါသော ညွှန်းကိန်းဖြစ်ကြောင်း ဖော်ပြထားလေသည်။

ထို့ကြောင့် မဝအောင် တားလိုသူတို့သည် အစားအသောက်ထိန်းခြင်း၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့်သာ ကိုယ်အလေးချိန်ကို ထိန်းသင့်ကြောင်း တင်ပြထားသည်။

အစားအသောက်နှင့် ပတ်သက်၍ နောက်သုတေသနပြုချက်တစ်ခုကို အမေရိကန်နိုင်ငံထုတ် National Academy of Science ဂျာနယ်တွင် ဖော်ပြထားပုံမှာလည်း စိတ်ဝင်စားစရာပါ။ အရွယ်ရောက်ပြီး လူတိုင်းသည် အဆီ (Fat) ပါသော အစားအစာကို နေ့စဉ် အသင့်အတင့် မှီဝဲသင့်ကြောင်း၊ အဆီဓာတ်သည် လူတစ်ဦး၏ တာရှည်သတိကောင်းမှု (Memory Retention) ကို အထောက်အကူပြုနေကြောင်း ၊ ၄င်းအပြင် အစားအစာတွင် အဆီပါအောင် စားခြင်းဖြင့် စားချင်စိတ်ကိုထိန်းနိုင်ကာ အဝလွန်ရောဂါကိုပင် ကာကွယ်နိုင်ကြောင်း တင်ပြထားကြသည်။

နောက်သတင်းတစ်ပုဒ်မှာ မိန်းကလေးများ အရွယ်မရောက်မီ လက်မထပ်သင့်ကြောင်း၊ အရွယ်မရောက်မီ လက်ထပ်ခြင်းသည် မိခင်အတွက်ရော၊ မွေးဖွားလာသည့် ကလေးအတွက်ပါ အန္တရာယ်ရှိကြောင်း ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ အစီရင်ခံစာကို ကိုးကား၍ တင်ပြလိုပါသည်။

ယင်းအစီရင်ခံစာအစမှာပင် ဆင်းရဲသောနိုင်ငံ၌ ကိုယ်ဝန်ဆောင်ရသူ အမျိုးသမီးတစ်ဦးမှာ ချမ်းသာပြီး တိုးတက်နေသောနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးထက် အသက်ဆုံးရှုံးရန် အခွင့်အလမ်း ၃၀ရာခိုင်နှုန်းခန့် ပိုရှိကြောင်း၊ မွေးစကလေး သေဆုံးရန်လည်း ၁၄ ရာခိုင်နှုန်းခန့် ပိုရှိကြောင်း ဖော်ပြထားသည်။

ယင်းနောက် အမျိုးသမီးတစ်ဦးသည် အသက်ငယ်ပြီး ကိုယ်ဝန်ဆောင်လေ အသက်ဆုံးရှုံးဖို့ အခွင့်အလမ်းပိုများလေဖြစ်ကြောင်း၊ အသက် ၁၈နှစ်အောက် ကိုယ်ဝန်ဆောင်မိခင်သည် အသက် ၂၀ အထက် ကိုယ်ဝန်ဆောင်မိခင်ထက် အသက်ဆုံးရှုံးရန် ငါးဆပိုရှိကြောင်း ဖော်ပြထားပါသည်။

ကလေးတွင်လည်း အသက် ၁၈နှစ်အောက်မိခင်မှမွေးသော ကလေးသည် ၁၉နှစ်အထက် မိခင်မှမွေးသော ကလေးထက် တစ်နှစ်အတွင်း သေဆုံးနိုင်ခြေ ၆၀ရာခိုင်နှုန်း ပိုဖြစ်နိုင်သည်ဟု ဆိုထားသည်။

အာဖရိကတိုက်တွင် လေ့လာချက်အရ မိခင်သေဆုံးမှု တစ်နှစ်အတွင်း ငါးသိန်းကျော်ရှိခဲ့ရာမှ ၄င်းအနက် ၇၀၀၀၀ ကျော်မှာ ၁၅နှစ်မှ ၁၉နှစ်အရွယ် မိခင်များဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာအမျိုးသမီးလေးများ ကျန်းမာသော မိခင်နှင့် ကလေးများဖြစ်လာအောင် အနည်းဆုံး အသက် ၁၈နှစ်ကျော်မှသာ အိမ်ထောင်ပြုကြရန် တိုက်တွန်းလိုက်ရပါသည်။

နောက်ဖော်ပြမည့် သတင်းဆန်းတစ်ခုက ပိုစိတ်ဝင်စားစရာပါ။ ညအချိန်မှာ တောက်ပသော အလင်းရောင်နှင့်နေခြင်းသည် မကောင်းကြောင်း ယခင်ကပင် အထောက်အထား အနည်းငယ်ရှိခဲ့ကြပြီးဖြစ်သည်။ ယခုတစ်ဖန် ယင်းအဆိုကို ထောက်ခံလိုက်သည့် နိုင်ငံနှစ်နိုင်ငံမှ သီးခြားလေ့လာသူ သုတေသီနှစ်ဖွဲ့၏ တွေ့ရှိချက်ကို တင်ပြလိုပါသည်။ ၄င်းတို့တွေ့ရှိချက်မှာ ညအချိန် အလင်းရောင်နှင့်နေခြင်းသည် ကိုယ်ခန္ဓာအတွင်း Melatonin ဟိုမုန်းဓာတ် ထုတ်လုပ်ခြင်းကို လျော့ပါးသွားစေပြီး ကင်ဆာရောဂါကို ပိုမိုဖြစ်စေနိုင်သည်ဆိုသော အချက်ဖြစ်သည်။

အစ္စရေးနိုင်ငံ ဟိုင်ဖာတက္ကသိုလ်မှ သုတေသီတို့က နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ ကင်ဆာဖြစ်ပွားနှုန်းများနှင့် ယင်းတို့၏ အနေအထိုင် အလေ့အထအပေါ်တွင် လေ့လာချက်အရ ညတွင် အလင်းရောင်ဖြင့် နေထိုင်သူတို့တွင် ဆီးကျိတ်ကင်ဆာဖြစ်ရန် နှစ်ဆပိုရှိနိုင်ကြောင်း ဖော်ပြခဲ့ကြသည်။

အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်မှ သုတေသီတို့ကလည်း သွေးဆုံးသော အမျိုးသမီး ၁၈၀၀၀ကို လေ့လာပြီး ညအချိန် မယ်လင်တိုနင် အထွက်နည်းသူတို့တွင် ရင်သားကင်ဆာဖြစ်ရန် ၆၀ရာခိုင်နှုန်း ပိုရှိကြောင်း တွေ့ရှိချက်ကို တင်ပြထားကြသည်။ ထို့ကြောင့် ညအချိန် အလင်းရောင်နှင့် နေကြသူတို့တွင် အမျိုးသား၌ ဆီးကျိတ်ကင်ဆာဖြစ်ပြီး အမျိုးသမီးများ၌ ရင်သားကင်ဆာဖြစ်ရန် အခွင့်အလမ်း ပိုများနေကြောင်း လေ့လာချက်နှစ်ခုဖြင့် သိရပါသည်။

ထို့ကြောင့် ညအချိန် တတ်နိုင်သရွေ့ မီးထိန်ထိန်လင်းအောင် မနေဖို့နှင့် ညအိပ်ချိန်တွင် မီးကို လုံးဝမှိတ်ထားရန် သို့မဟုတ် မီးအနီရောင်မှိန်မှိန်ထွန်းကာ အိပ်စက်ခြင်းပြုကြရန် တိုက်တွန်းထားလေသည်။ မီးအနီရောင်ထွန်းခြင်းသည် Melatonin ထုတ်လုပ်မှုကို မထိခိုက်နိုင်ဟု ဆိုလေသည်။ ထိုသတင်းဖြင့်ပင် ယခုအပတ် ထူးခြားလာသည့် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါသည်။ ။

---

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## အေအိုင်ဒီအက်(စ်) တိုက်ဖျက်ရေးနေ့ မိတ္ထီလာ၌ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၇**

မိတ္ထီလာခရိုင် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက်က မိတ္ထီလာ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)** ထို့နောက် အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းထိန်က အမှာစကား ပြောကြားပြီး ဒေါက်တာ အောင်ကျော်ထွေးက အေအိုင်ဒီအက်(စ်)ရောဂါအကြောင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာစီစာကုံး၊ ပိုစတာ၊ ကာတွန်းနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသားနှစ်ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ အမျိုးသမီးရေးရာအဖွဲ့ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

(၀၈၆)

## မြို့ပြသန့်ရှင်းလှပရေး မိုးညှင်း၌ ဆောင်ရွက်

**မိုးညှင်း ဒီဇင်ဘာ ၇**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသန့်ရှင်းသာယာလှပရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ရက်က မြို့တွင်းလမ်းများနှင့် ပြည်ထောင်စုလမ်းဘေးဝဲယာ ကပ်တိုးများ ဆေးအသစ်ထပ်သုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

**အလိမ္မာ စာမှာရှိ**

# ဒီဇင်ဘာမှာ ဖာဂူဆန်အခက်ကြုံ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ လှိုင်လှိုင်သင်း(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၇

**ပရီးမီးယားလိဂ် ပွဲစဉ်(၁၅)အဖြစ် ဝက်စ်ဟမ်းအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့တဲ့ မန်ယူအသင်းဟာ အဝေးကွင်းမှာ ဂိုးတွေမြူးခဲ့ပေမယ့် ဒဏ်ရာရကစားသမားတွေကြောင့် လာမယ့်ပွဲစဉ်တွေအတွက် ဖာဂူဆန်အကျပ်အတည်းနဲ့ ကြုံတွေ့နေရပြီဖြစ်ပါတယ်။**

**ဖိအားပေး**

ပရီမီယာလိဂ် ပွဲစဉ်(၁၅)မှာ ဝက်စ်ဟမ်းကို လေးဂိုးပြတ်နဲ့ အနိုင်ရချိန်မှာ ချယ်လ်ဆီးက မန်စီးတီးကို ရှုံးပွဲကြုံတွေ့ခဲ့တာမို့ ထိပ်ဆုံးက ချယ်လ်ဆီးနဲ့ ဒုတိယနေရာက မန်ယူဟာ ပွဲတူနှစ်မှတ်အကွာနဲ့ ဖိအားပေးထားနိုင်ပြီဖြစ်ပါတယ်။ချယ်လ်ဆီးတို့ အကျပ်အတည်းကြုံချိန်မှာ မန်ယူတို့ အဖိုးတန်သုံးမှတ်ကို ရအောင်ယူနိုင်ခဲ့တာဟာ တန်ဖိုးရှိလှပါတယ်။

**ဒဏ်ရာရ**

မန်ယူဟာ နိုင်ပွဲရပြီး ချယ်လ်ဆီးကိုဖိအားပေးနိုင်ခဲ့ပေမယ့် ဝက်စ်ဟမ်းနဲ့ပွဲမှာ ဝက်စ်ဘရောင်းနဲ့ နဗီးလ်တို့ ဒဏ်ရာတွေရရှိခဲ့လို့ မန်ယူနောက်တန်းအတွက် ထိခိုက်နစ်နာမှုဖြစ်ခဲ့ရပါတယ်။ မန်ယူဟာ ဒီနှစ်မှာ ထူးထူးခြားခြား နောက်တန်းကစားသမားတွေ ဒဏ်ရာရရှိမှုများပြားနေတာမို့ ဖာဂူဆန်ခေါင်းခဲမယ်ဆိုရင်လည်း ခေါင်းခဲစရာပါပဲ။

**များပြား**

မန်ယူရဲ့လက်ရှိအခြေအနေမှာ ဒဏ်ရာရရှိနေတဲ့ ကစားသမားတွေက ဗီဒစ်၊ ဖာဒီနန်၊ အီဗန်၊ အိုရှေး၊ ဘရောင်းနဲ့ နဗီးလ်တို့ဖြစ်တာမို့ နောက်တန်းခံစစ်မှူးတွေဒဏ်ရာရရှိမှု များပြားနေပါတယ်။ လောလောဆယ်မှာ အဲဒီကစားသမားတွေ ပါဝင်ကစားနိုင်မယ့် အနေအထားမရှိပါဘူး။

**ကစားရမည်**

မန်ယူဟာ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ရဲ့ နောက်ဆုံးပွဲကို ဝုလ်ဖ်ဘတ်အသင်းနဲ့ ဒီဇင်ဘာ ၈ရက်မှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မန်ယူဟာချန်ပီယံလိဂ်အုပ်စုအဆင့်ကနေ နောက်တစ်ဆင့်ကို တက်ရောက်သွားပြီဖြစ်လို့ ဒီပွဲကအရေးကြီးတဲ့ပွဲတော့မဟုတ်ပါဘူး။ ဖာဂူဆန်ဟာ အရန်လူတွေနဲ့ကစားရဖို့ရှိပေမယ့် သိက္ခာအရအားထည့်ကစားသွားမှာဖြစ်ပါတယ်။ ဖာဂူဆန်ဟာ ချန်ပီယံလိဂ်ပွဲရဲ့ လက်ရှိအခြေအနေကို စိုးရိမ်စရာမရှိပေမယ့် ပရီးမီးယားလိဂ်ပွဲစဉ်တွေအတွက် လူမစုံဘဲဖြတ်သန်းရမှာကို ပူပန်နေမိတာတော့ အမှန်ပါပဲ။

**နေရာ**

အားထားရတဲ့ နောက်တန်းကစားသမားတွေနေရာအတွက် ဖာဂူဆန်က လောလောဆယ်မှာတော့ ရိုင်ယန်ဂစ်ကို ဝဲဘက်နောက်တန်းခံစစ်မှာကစားဖို့ရည်ရွယ်ထားပြီး အဲဒီနေရာမှာ ကစားနေတဲ့ အီဗရာကို ဗဟိုခံစစ်မှူးနေရာပြောင်းရွှေ့ကစားစေဖို့ စီစဉ်နေပါတယ်။ အီဗရာဟာ ဗဟိုခံစစ်မှူးနေရာမှာ ကောင်းကောင်းကစားနိုင်တဲ့ ဘောလုံးသမားတစ်ဦးပါလို့ ဖာဂူဆန်ကပြောကြားနေပါတယ်။

**အစားထိုးမည်**

ဗီဒစ် ကျန်းမာရေးမကောင်းလို့ မကစားနိုင်ခဲ့ရင် ကာရစ်ကို ဗီဒစ်နေရာမှာအစားထိုးကစားစေဖို့ ဖာဂူဆန်စီစဉ်ထားပါတယ်။ ဗီဒစ်ဟာ ဒဏ်ရာသက်သာနေပေမယ့် တုပ်ကွေးကြောင့် ကြံ့ခိုင်မှုမပြည့်ဘဲ ပွဲကစားဖို့အသင့်မဖြစ်သေးတဲ့ အခြေအနေဖြစ်နေပါတယ်။

မန်ယူအသင်းရဲ့ အရန်ကစားသမားတွေ ထုတ်သုံးဖို့ဆိုတာကိုလည်း အများအယွင်း မခံနိုင်သေးတဲ့အနေအထားမို့ ဖာဂူဆန်ချင့်ချိန်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်ဖာဂူဆန်ဟာ လာမယ့်ဇန်နဝါရီ ဘောလုံးသမားအပြောင်းအရွှေ့ကာလမှာ အသင့်ကစားနိုင်မယ့် ဘောလုံးသမားတွေကို ဦးစားပေးခေါ်ယူရမှာဖြစ်တယ်လို့ မန်ယူဘုတ်အဖွဲ့ ကို ဖာဂူဆန်က ပြောကြားနေပါတယ်။

ဒါကြောင့် လောလောဆယ်မှာတော့ ဖာဂူဆန်ဟာ ဒဏ်ရာရကစားသမားတွေကြောင့် အကျပ်အတည်းတွေ့နေတာမို့ လာမယ့်ပွဲစဉ်တွေမှာ မန်ယူရဲ့ပွဲထွက်ကစားသမားအခင်း အကျင်းဟာ စိတ်ဝင်စားစရာကောင်းနေပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

## ဗြိတိသျှလက်ဝှေ့ချန်ပီယံခမ်း အမေရိကန်၌ ထိုးသတ်ရန်ကြိုးစားနေ

**လန်ဒန် ဒီဇင်ဘာ ၇**

ဗြိတိသျှလက်ဝှေ့သမား ဒဗလျူဘီအေ လိုက်ဝယ်တာဝိတ်တန်း ချန်ပီယံ အမီယာခမ်းက ၂၀၁၀ခုနှစ်တွင် အမေရိကန်၌ ထိုးသတ်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။ ခမ်းသည် ဒီဇင်ဘာ ၅ရက်က နယူးကာဆယ်၌ ယူကရိန်းလက်ဝှေ့သမား ဒီဗစ်ထရီဆာလီတာအား ၇ဖစက္ကန့်ဖြင့်အလဲထိုးပြီး ချန်ပီယံသရဖူကို ကာကွယ်လိုက်သည်။

အသက်၂၂နှစ်ရှိ လက်ဝှေ့သမားခမ်းသည် ပြီးခဲ့သည့်နှစ်က နည်းပြဖရက်ဒီရို့စ်နှင့် လေ့ကျင့်ခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်မြို့၌ နေထိုင်လျက်ရှိသည်။ သူသည် အမေရိကန် လက်ဝှေ့လောကတွင် အောင်မြင်လိုသူဖြစ်၍ အင်္ဂလန်မှ ထွက်ခွာပြီး အမေရိကန်တွင် ထိုးသတ်ရန်ကြိုးစားလျက်ရှိသည်။ အမီယာခမ်းသည် လက်ဝှေ့သမား သက်တမ်းတစ်လျှောက် ၂၃ပွဲထိုးသတ်ခဲ့ရာတွင် ၂၂ပွဲ အနိုင်ရထားသူလည်း ဖြစ်သည်။ **(အင်တာနက်)**

## ရီးရဲဆိုစီဒက်ဂိုးသမား စပါးခေါ်ယူမည်

လန်ဒန် ဒီဇင်ဘာ ၇

**ရီးရဲဆိုစီဒက်ဂိုးသမား အဆီယာရက်ဂိုးအား ခေါ်ယူရန် အစမ်းလေ့ကျင့်မည်ဖြစ်ကြောင်း စပါးအသင်းနည်းပြ ဟယ်ရီရက်နက်က အတည်ပြုပြောကြားသည်။**

အသက် ၂၆နှစ်ရှိ ရက်ဂိုးသည် စပိန်အသက်၂၁နှစ်အောက် လက်ရွေးစင်အသင်း ဂိုးသမားဟောင်းဖြစ်ပြီး ရီခရီယေးတီဗိုတွင် ပြီးခဲ့သည့် ဘောလုံးရာသီက အငှားသွားရောက်ကစားခဲ့သူဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့်လက အဓိကဂိုးသမား ကူဒီစီနီ မတော်တဆယာဉ်တိုက်မှုကြောင့် ဒဏ်ရာများရထားသဖြင့် လနှင့်ချီပြီးအနားယူရမည်ဖြစ်၍ အရေးပေါ်ဂိုးသမားတစ်ဦး လိုအပ်နေသည်။ လက်ရှိ စပါးအသင်းတွင် ဂိုမက်က စပါးဂိုးသမားအဖြစ် ပါဝင်ကစားလျက်ရှိသည်။ ဂိုမက်အား အထောက်အကူပြုမည့် ဂိုးသမားတစ်ဦးအမြန်အလိုရှိနေသည်။ (အင်တာနက်)

မြင့်မောင်စိုး - စုစည်းရေးသားသည်

## ရီးရဲတောင်ပံကစားသမား စီရိုနယ်ဒို အနီကတ်ပြခံရ

မက်ဒရစ် ဒီဇင်ဘာ ၇

**တောင်ပံကစားသမား စီရိုနယ်ဒိုသည် ဒီဇင်ဘာ ၆ရက်၌ ရီးရဲမက်ဒရစ်က အယ်မေးရီးယားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲတွင် အနီကတ်ပြခံရပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ယင်းအနီကတ်သည် ရီးရဲမက်ဒရစ်ဘောလုံးသမားအဖြစ် ကစားစဉ် ပထမဆုံးအပြခံရသည့် အနီကတ်ဖြစ်သည်။**

အနီကတ်ပြ

**စီရိုနယ်ဒိုသည် ယင်းပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်အတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူပေးပြီးနောက် အင်္ကျီချွတ်၍ အောင်ပွဲခံ ပျော်မြူးခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြလိုက်ခြင်းဖြစ်သည်။**

ကစားခွင့်

**စီရိုနယ်ဒို၏ အနီကတ်အတွက် နည်းပြက ကာကွယ်ပြောဆိုသော်လည်း ကွင်းလယ် ဒိုင်လူကြီးက လက်မခံခဲ့ပေ။ အခြားသော ကစားသမားများသည် အဝါကတ်များ အပြခံရသော်လည်း အနီကတ်ပြခံရခြင်း မရှိကြောင်းဖြင့်လည်း ၎င်းကပြောဆိုသည်။ ၎င်းသည် အနီကတ်ကြောင့် လာမည့်သီတင်းပတ်အတွင်း ဇလင်စီယာနှင့် စပိန်လာလီဂါပွဲစဉ်တွင် ပါဝင်ကစားခွင့် ရမည်မဟုတ်ပေ။**

(အင်တာနက်)

## ဒေးဗစ်ဖလား တင်းနစ်ပြိုင်ပွဲ စပိန်အသင်း စတုတ္ထအကြိမ်ဗိုလ်စွဲ

**မက်ဒရစ် ဒီဇင်ဘာ ၇**

ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ စပိန်အသင်းက ချက်အသင်းကိုအနိုင်ရပြီး စတုတ္ထအကြိမ်မြောက် ဖလားဆွတ်ခူးသွားသည်။

စပိန်အသင်းတွင် ရာဖေးလ်နာဒယ်၊ ဗာဒက်စကို၊ ဖိလစ်စီယာနိုလိုပက်ဇ်၊ ဒေးဗစ်ဖာရာတို့ အဓိကပါဝင်ကစားပေးခဲ့သည်။ စပိန်အသင်းသည် အဆိုပါ ဒေးဗစ်ဖလားကို ၂၀၀၀၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၉၈ခုနှစ်တွင် ဆီမီးဖိုင်နယ်ထိ တက်ရောက်ခဲ့ပြီးနောက် ဒေးဗစ်ဖလားကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ စပိန်အသင်း၏ လက်ရှိအသင်းခေါင်းဆောင်မှာ အဲလ်ဘတ်ကိုစတာဖြစ်သည်။ **(အင်တာနက်)**

## အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

### နစ္စတယ်ရိုင်းအား ခေါ်ယူမည်မဟုတ် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးပြောကြား

*အာဆင်နယ်အသင်းတွင် ဗန်ပါစီ၊ ဘင့်တနာနှင့် အီဒွါဒိုတို့အားလုံး ဒဏ်ရာရရှိနေကြသော်လည်း ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရီးရဲမက်ဒရစ်အသင်းမှ မန်ယူတိုက်စစ်မှူးဟောင်း နစ္စတယ်ရိုင်းကိုမူ ခေါ်ယူမည်မဟုတ်ဟု အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။*

### တိုက်စစ်မှူး ဒိုအမ်ဘီယာအားခေါ်ယူရေး စပါးအသင်း ကြိုးစားနေ

*စပါးအသင်းသည် ဆွစ်ဇာလန်ကလပ် ယန်းဂ်ဘွိုင်းစ်အသင်းမှ အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒိုအမ်ဘီယာအား ခေါ်ယူရန် ကြိုးပမ်းနေသည်။*

### အင်တာ ကွင်းလယ်ကစားသမား ဗီအဲရာအား ချယ်လ်ဆီးအသင်းက ခေါ်ယူဖွယ်ရှိ

*လက်ရှိအင်တာမီလန်ကြယ်ပွင့်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း ဗီအဲရာအား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ချယ်လ်ဆီးအသင်းက ခေါ်ယူဖွယ်ရှိကြောင်း သတင်း၌ဖော်ပြသည်။*

### ဝက်စ်ဟမ်းတိုက်စစ်မှူး ကာလ်တန်ကိုးလ်အား အာဆင်နယ်က ခေါ်ယူရန် ပစ်မှတ်ထားနေ

*ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူး ကာလ်တန်ကိုးလ်အား လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ရာသီတွင် ခေါ်ယူရန် နံပါတ်တစ်တိုက်စစ်မှူးအဖြစ် အာဆင်နယ်အသင်းက အဓိက ပစ်မှတ်ထားနေသည်ဟုဆိုသည်။*

### အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ် တိုက်စစ်မှူး ဒီဂိုဖော်လန်အား ခေါ်ယူလို

*အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်သည် လက်ရှိစပိန်အသင်း အက်သလက်တီကို မက်ဒရစ်တွင် ကစားနေသော မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန်အား ခေါ်ယူလိုကြောင်း သတင်း၌ဖော်ပြသည်။*

### ဇန်နဝါရီ အပြောင်းအရွှေ့ရာသီ၌ လီဗာပူးမှ မာရှေယာနိုအား ဘာကာခေါ်ယူမည်

*စပိန်ထိပ်သီးအသင်းဘာစီလိုနာသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်တွင် လီဗာပူးကွင်းလယ်ကစားသမား မာရှေယာနိုအား ပေါင်သန်း ၃၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။*

### ဘော့စနီးယားတိုက်စစ်မှူး အီဒင်ဒီဇီကို စီးရီးအေအသင်း အေစီမီလန်သို့ ပြောင်းရွှေ့ကစားလို

*မန်ယူအသင်းကခေါ်ယူရန် စိတ်ဝင်စားနေသော အရုပ် ဖပေ၄လက်မရှိ ပေါင် ၁၅သန်းတန် ဘော့စနီးယားတိုက်စစ်မှူး ဒီဇီကိုသည် စီးရီးအေအသင်းကြီးဖြစ်သည့် အေစီမီလန်သို့ ပြောင်းရွှေ့ကစားလိုသည်ဟုဆိုသည်။*

### ပို့စ်မောက်အသင်းနည်းပြ အေဗရန်ဂရန့် စတူရစ်ဂျ်နှင့်ဘယ်လက်တီအား အငှားစာချုပ်ခေါ်ယူလို

*ပို့စ်မောက်နည်းပြသစ် အေဗရန်ဂရန့်သည် ချယ်လ်ဆီးအသင်းမှ ဒင်နီယယ် စတူရစ်ဂျ်နှင့် ဘယ်လက်တီတို့ နှစ်ဦးအား အငှားစာချုပ်ဖြင့် ခေါ်ယူလိုသည်ဟု ဆိုသည်။*

### နယူးကာဆယ်အသင်းအား ရောင်းချနိုင်ရေး ပိုင်ရှင် မိုက်အက်ရှ်လေ ထပ်မံကြိုးပမ်းနေ

*နယူးကာဆယ်အသင်းအား လွှဲပြောင်းရယူလိုသည့် အမေရိကန်မှ လုပ်ငန်းရှင်များအား ရောင်းချနိုင်ရေးအတွက် အသင်းပိုင်ရှင် မိုက်အက်ရှ်လေက ထပ်မံကြိုးပမ်းနေကြောင်း သတင်း၌ဖော်ပြသည်။*

### ကမ္ဘာ့အဆင့် (၁၀)ရှိ ဂေါက်သီးသမား မက်အီလ်ရွိုင် ကျန်းမာရေးကြောင့် ပြိုင်ပွဲကို ကျောခိုင်းခဲ့ရ

*ဝမ်းပျက်ရောဂါဖြစ်ပွားရာမှ ဝမ်းကိုက်ပိုးရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ရသူ ကမ္ဘာ့အဆင့်(၁၀)ရှိ ဂေါက်သီးအားကစားသမား ရုံရီမက်အီလ်ရွိုင်သည် တောင်အာဖရိကတွင် ကျင်းပနေသော ဆန်းစီးတီးချဲလင့် ဂေါက်သီးရိုက်ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ ။*

# အိမ်ရှင်အသင်းအများစု အောင်ပွဲခံဖို့ရှိနေတဲ့ ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်များ

CHAMPIONS LEAGUE

**ချန်ပီယံလိဂ်ပွဲကြို ရေးသူ - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)**

**၁၀-၁၂-၂၀၀၉၊ နံနက် ၂း၁၅နာရီ**

**ရန်ကုန် ဒီဇင်ဘာ ၇**

ဒုတိယနေ့ ချန်ပီယံလိဂ်မှာတော့ လက်ကျန်အုပ်စုအသီးသီးက အသင်းတွေ နောက်တစ်ဆင့်ရောက်ဖို့ကို ရုန်းကြရဦးမှာပါ။ နောက်ဆုံးပွဲဆိုတဲ့အတိုင်း မီးကုန်ယမ်းကုန် ကစားအားတင်ပြီး ကစားရမှာဖြစ်လို့ မထင်မှတ်တာတွေလည်း ဖြစ်လာနိုင်တာ သတိထားသင့်ပါတယ်။



ဥရောပ အကောင်းဆုံးဘောလုံးသမားဆုရ ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ။

## အုပ်စု(င)

### လီဗာပူး - ဖီအိုရင်တီးနား

နှစ်သင်းစလုံးက သိက္ခာအတွက်ပဲ ကစားရတော့မှာပါ။ ဒါကြောင့် လူစုံပါဖို့ဆိုတာ မလွယ်ကြပါဘူး။ အထူးသဖြင့် ညှော်သည်အသင်း လီဗာပူးကတော့ ဒီဇင်ဘာပွဲကျပ်ကာလကို ဖြတ်ကျော်ဖို့ရှိနေသလို ဒီပွဲပြီးတာနဲ့ အာဆင်နယ်နဲ့ ပရီမီယာလိဂ်ပွဲ နွဲရမှာဆိုတော့ ကစားသမားကောင်းတွေကို အနားပေးရင်လည်း ပေးထားမှာပါ။ ဒါကြောင့် တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းဖို့ကိုတောင် ဦးစားပေးပါ့မလားဘဲ။ သုံးသပ်မိတာကတော့ ခံစစ်ပဲ ပိတ်ကစားမယ့် ညှော်သည်ဆီကနေ လီဗာပူးအသာရနိုင်ရင်တောင် သွင်းဂိုးက တစ်ဂိုး လောက်ပါပဲ။

### လီယွန် - ဒီဘရီဆီနီ

လီယွန်က နောက်တစ်ဆင့်တက်သွားပေမယ့် အိမ်ကွင်းမှာတော့ ဒီဘရီဆီနီကို လက်လွှတ်စပယ်နဲ့ ကစားမယ် မထင်မိဘူး၊ အိမ်ရှင်ပီပီနဲ့ ဖိအားပေးမှာပါ။ ဒါကြောင့် ဒီဘရီဆီနီဟာ တန်ပြန်တိုက်စစ်ဆင်ခွင့်တောင် မရနိုင်ပါဘူး။ ပွဲချိန်ကြာတာနဲ့အမျှ လီယွန်ပဲ အသာရပြီး နောက်ဆုံးမှာ အိမ်ရှင် ၂-၀ လောက်နဲ့ အနိုင်ယူသွားမယ့်ပွဲပါ။

## အုပ်စု(စ)

### အင်တာမီလန် - ရူဘင်ကာဇန်

ပထမအကျော့မှာ သရေကျထားတဲ့ ရူဘင်ကာဇန်ကို အင်တာဟာ အနိုင်မယူလို့ မရတော့ပါဘူး။ အင်တာမီလန်ဟာ နောက်တစ်ဆင့်ရောက်ဖို့ အနိုင်ရမှဖြစ်မှာပါ။ နောက်က ကပ်လိုက်နေတဲ့ အသင်းတွေမှာ နောက်တစ်ဆင့်ရောက်ခွင့်က ကိုယ်စီအခွင့်အရေးတွေရှိနေကြတော့ ဘယ်လိုပဲဖြစ်ဖြစ် ညှစ်ကစားကြမှာပါ။ ဒါကြောင့် အိမ်ကွင်းမှာ ရနိုင်မယ့်အခွင့်အရေးကိုယူပြီး ကစားမယ့် အင်တာဟာ ဒီနှစ်ရုရှားအမှတ်ပေး ချန်ပီယံ ရူဘင်ကာဇန်ကို ပရိသတ်အားနဲ့ ပေါင်းပြီး အနိုင်ယူပြဖို့လိုနေတယ်၊ အင်တာ ပွဲချိန်ပြည့် ဖိအားပေးပြီး အနိုင်ယူရမှာပါ။ မော်ရင်ဟိုအစွမ်းနဲ့ ရူဘင်ကာဇန်ကို ဒီပွဲမှာ ၂-၁ လောက်နဲ့တော့ နိုင်ခြေရှိပါတယ်။

### ဒိုင်နမိုကိဗ် - ဘာစီလိုနာ

ဘာစီလိုနာအတွက် အရေးပါတဲ့ပွဲပါ။ အိမ်ကွင်းမှာ ကစားရခက်တဲ့ ဒိုင်နမိုကိဗ်ကို ဇာဗီ၊ အင်နီယေစတာတို့ရဲ့အားနဲ့ အနိုင်ရအောင်လုပ်ရမှာ ဖြစ်နေပါတယ်။ ဒိုင်နမိုကိဗ်လည်း အိမ်ရှင်ပီပီ ဖိအားပေးမှာမို့ ဘာစီလိုနာအနေနဲ့ ပွဲကျပ်တယ်။ သတိထားထိန်းချုပ်ထားရင် အပေးအယူသွက်သွက်လက်လက်နဲ့ ဂိုးရအောင် ဒိုင်နမိုကိဗ်ကို တန်ပြန်တိုက်စစ်နဲ့ ကစားနိုင်တယ်။ အခုပွဲမှာ ဘာစီလိုနာနိုင်ဖို့ မခက်လောက်ဘူး၊ ဂိုးသွင်းဖို့တော့ တော်တော်လေး ကြိုးစား ရမှာပါ။ ဘာစီလိုနာ ညှစ်ကစားနိုင်ရင်တောင် ၂-၁ လောက်ပဲလို့ တွက်ဆထားမိတယ်။



အာဆင်နယ်အသင်း၏ အားထားရသော တိုက်စစ်မှူး အီဒူယာဒို။

## အုပ်စု(ဆ)

### ဆီဗီလာ - ရိန်းဂျား

ဆီဗီလာက နောက်တစ်ဆင့်ရောက်သွားပြီ၊ ဒီတော့ ရိန်းဂျားလိုအသင်းကို ထိထိရောက်ရောက်နဲ့ အခက်တွေ့အောင်လုပ်ပြဖို့ဟာ ခက်နေနိုင်ပါသေးတယ်။ ဒါပေမယ့် တစ်ချက်ရှိတာက အိမ်ကွင်းဖြစ်နေတော့ နောက်ဆုံးပွဲမှာ ပရိသတ်ရဲ့ ဆန္ဒကို ဖြည့်ဆည်းဖို့အတွက် ရိန်းဂျားရဲ့ ခံစစ်ကို ထိုးဖောက်အနိုင်ယူဖို့ လိုအပ်နေပါတယ်။ ဆီဗီလာရဲ့ ကစားအားဟာ တကယ်ကစားရင်တကယ်ထိရောက်တာကြောင့် ရိန်းဂျားခံစစ်တောင့်ခံဖို့ မလွယ်ပါဘူး။

### စတုဂတ် - ယူနီရီယာ

စတုဂတ်လည်း နောက်တစ်ဆင့်ရောက်ဖို့ ယူနီရီယာဆီကနေပြီး အနိုင်သုံးမှတ် အခုယူပြဖို့ လိုအပ်နေပါတယ်။ စတုဂတ်ဟာ အခုပွဲမှာ ခြေကုန်ထုတ်ကစားနိုင်ရင် မျှော်လင့်နိုင်မယ့် နောက်တစ်ဆင့်ရောက်ခွင့်က ရှိနေလို့ ပြိုင်ဘက်အသင်းရိန်းဂျား ပွဲကျပ်နေချိန်မှာ ယူနီရီယာကို တရစပ် ဖိအားပေးမယ့် စတုဂတ်ဟာ ပိုဂရက်ညှပ်နဲ့ လက်ဘ်တို့ တိုးအားကြောင့် အနိုင်သုံးမှတ်ကို ၂-၀ လောက်နဲ့ ရနိုင်ပါတယ်။

## အုပ်စု(ဇ)

### အိုလံပီယာကော့စ် - အာဆင်နယ်

အာဆင်နယ်အသင်းဟာ နောက်တစ်ဆင့်ရောက်သွားပြီ ဖြစ်တာကြောင့် ဒီပွဲမှာ လူစုံထုတ်မယ် မထင်မိဘူး။ အခုပွဲကစားပြီး ပရီမီယာလိဂ်မှာက လီဗာပူးနဲ့ ဆုံနေတာကြောင့် ဒီပွဲကို အားထည့်ပြီး ကစားဖို့ခက်မယ်။ လူစုံမပါနိုင်မယ့် အာဆင်နယ်ဟာ ဒီအတိုင်းဆိုရင်တော့ အိမ်ရှင်အသင်း အပေါ်မှာ ဖိအားပေးဖို့ ခက်သွားပါပြီ။

### စတန်းဒက်လိဂ် - အယ်လ်ခမာ

ပထမအကျော့က ဒီနှစ်သင်း သရေကျထားခဲ့တယ်။ ဒီတစ်ခါ အယ်လ်ခမာ အနေနဲ့ ကစားရခက်ပါပြီ။ ဘာကြောင့်လဲဆိုတော့ အိမ်ရှင်က တိုက်စစ်ကစားပုံ တော်တော်သွက်လို့ပါ။ အိမ်ရှင်အသင်းမှာ ကာဆယ်လာမပါပေမယ့် ပရိသတ်အားနဲ့ ဖိအားပေး ကစားမှာဆိုတော့ အယ်လ်ခမာဟာ ပွဲချိန်ပြည့် တောင့်ခံဖို့ မလွယ်ပါဘူး။ စတန်းဒက်လိဂ်ရဲ့ နောက်ဆုံးရန်းအားကိုပဲ ရွေးထားလိုက်ပါတယ်။ ။

ဆီဗီလာအသင်းအတွက် ဂိုးများ သွင်းပေးနေသော တိုက်စစ်မှူး ဖာဘီယာနို၏ ကစားဟန်။

| အုပ်စု (င) | | | | | | | |
|---|---|---|---|---|---|---|---|
| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| ဖီအိုရင်တီးနား | ၅ | ၄ | ၀ | ၁ | ၁၂ | ၆ | ၁၂ |
| လီယွန် | ၅ | ၃ | ၁ | ၁ | ၈ | ၃ | ၁၀ |
| လီဗာပူး | ၅ | ၂ | ၁ | ၂ | ၄ | ၅ | ၇ |
| ဒီဘရီဆီနီ | ၅ | ၀ | ၀ | ၅ | ၅ | ၁၅ | ၀ |

| အုပ်စု (စ) | | | | | | | |
|---|---|---|---|---|---|---|---|
| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| ဘာစီလိုနာ | ၅ | ၂ | ၂ | ၁ | ၅ | ၂ | ၈ |
| အင်တာမီလန် | ၅ | ၁ | ၃ | ၁ | ၅ | ၆ | ၆ |
| ရူဘင်ကာဇန် | ၅ | ၁ | ၃ | ၁ | ၄ | ၅ | ၆ |
| ဒိုင်နမိုကိဗ် | ၅ | ၁ | ၂ | ၂ | ၆ | ၇ | ၅ |

| အုပ်စု (ဆ) | | | | | | | |
|---|---|---|---|---|---|---|---|
| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| ဆီဗီလာ | ၅ | ၃ | ၁ | ၁ | ၁၀ | ၄ | ၁၀ |
| ယူနီရီယာ | ၅ | ၂ | ၂ | ၁ | ၇ | ၅ | ၈ |
| စတုဂတ် | ၅ | ၁ | ၃ | ၁ | ၆ | ၆ | ၆ |
| ရိန်းဂျား | ၅ | ၀ | ၂ | ၃ | ၄ | ၁၂ | ၂ |

| အုပ်စု (ဇ) | | | | | | | |
|---|---|---|---|---|---|---|---|
| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
| အာဆင်နယ် | ၅ | ၄ | ၁ | ၀ | ၁၂ | ၄ | ၁၃ |
| အိုလံပီယာကော့စ် | ၅ | ၂ | ၁ | ၂ | ၃ | ၅ | ၇ |
| စတန်းဒက်လိဂ် | ၅ | ၁ | ၁ | ၃ | ၆ | ၈ | ၄ |
| အယ်လ်ခမာ | ၅ | ၀ | ၃ | ၂ | ၃ | ၇ | ၃ |

မြန်မာအသင်းတိုက်စစ်မှူး ကျော်သီဟ စင်ကာပူနောက်တန်းကို ထိုးဖောက်ကစားစဉ်။ (မြန်မာ့အလင်း)

## ဆီးဂိမ်း ယူ -၂၃ အမျိုးသားဘောလုံးပြိုင်ပွဲ

# အုပ်စု(ခ)ပွဲစဉ်များတွင် စင်ကာပူနှင့် အိမ်ရှင် လာအိုအသင်းတို့ နိုင်ပွဲများရရှိ

**ဗီယင်ကျန်း ဒီဇင်ဘာ ၇**

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား ယူ-၂၃ ဘောလုံးပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် ၂နာရီခွဲက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Main Stadium တွင် ဆက်လက်ကျင်းပရာ မြန်မာယူ-၂၃အသင်းမှာ စင်ကာပူ ယူ-၂၃ အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

**စင်ကာပူ ယူ -၂၃ အမျိုးသားအသင်း - နှစ်ဂိုး**
**မြန်မာ ယူ -၂၃ အမျိုးသားအသင်း - တစ်ဂိုး**

အုပ်စုအဖွင့်ပွဲစဉ်တွင် အိမ်ရှင်လာအိုအသင်းကို ဦးဆောင်ဂိုးသွင်းပြီးမှ သရေ တစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည့် မြန်မာယူ-၂၃ အသင်းမှာ ယခုဒုတိယပွဲစဉ်တွင်လည်း စင်ကာပူအသင်းကို ရှုံးနိမ့်ခဲ့၍ အုပ်စုတက်ရေး အခွင့်အလမ်းနည်းသွားခဲ့ရသည်။ လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် စင်ကာပူအသင်း၏ ကစားပုံမှာ သာမန်သာရှိသော်လည်း မြန်မာအသင်း၏ အမြင့်ဘောဖျက်ထုတ်ရာ၌ အားနည်းမှုကို အခွင့်ကောင်းယူ၍ ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးများသွင်းယူကာ အနိုင်ဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

### အချိတ်အဆက်မိ

လာအိုနှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းထဲမှ အေးဆန်းနေရာတွင် မင်းမင်းသူ၊ ထွန်းထွန်းဝင်းနေရာတွင် အောင်မြင့်အေးတို့ နှစ်ဦးကိုသာ အပြောင်းအလဲလုပ်ကာ စင်ကာပူကို မြန်မာအသင်းရင်ဆိုင်ခဲ့သည်။ ပွဲအစပိုင်းတွင် ပိုင်စိုးနှင့် အောင်မြင့်အေးတို့၏ တောင်ပံနှစ်ဖက်မှာ စင်ကာပူခံစစ်ကို အလုပ်ပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကစားကွက်ပျက်ပြီး တိုက်စစ်အားပျော့ခဲ့ရသည်။ ၁၀မိနစ်နောက်ပိုင်းတွင် စင်ကာပူကစားပုံအချိတ်အဆက်မိလာပြီး ဘယ်ထောင့်ကန်ဘောများမှတစ်ဆင့် ၁၃မိနစ်တွင် ဆာဖူဝစ်က ပထမဂိုး၊ ၂၈မိနစ်တွင် ဟာရစ်က ဒုတိယဂိုးတို့ကို လွတ်လွတ်ကျွတ်ကျွတ်ခေါင်းတိုက်ပြီး သွင်းယူသွားခဲ့သည်။ ပထမပိုင်းတွင် ပိုင်စိုးနှင့် ကျော်သီဟတို့ အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

### ထည့်သွင်းကစား

၄-၅-၁ပုံစံဖြင့် ကစားနေသည့် မြန်မာအသင်းသည် ဒုတိယပိုင်းအစ၌ တိုက်စစ်မှူး ကျော်သီဟကိုထုတ်ကာ ကွင်းလယ်တိုက်စစ်ကစားသမား ထွန်းထွန်းဝင်းကို ထည့်ကစားခဲ့သည်။ မြန်မာအသင်းသည် အရပ်အမောင်းမြင့်မားပြီး ဂိုးမပေးရရေး ခံစစ်ကိုပိတ်ကစားခဲ့သည့် စင်ကာပူနောက်တန်းကို အမြင့်ဘောများဖြင့် တိုက်စစ်ဆင်နေ၍ မထိရောက်ခဲ့ပေ။ ၇၃မိနစ်တွင် အောင်မြင့်အေးအစား တောင်ပံကစားသမား ကျော်ကိုကိုအား ထည့်သွင်းကစားခဲ့သည်။ တိုက်စစ်ကိုပံ့ပိုးနိုင်ခြင်းမရှိသည့် ကွင်းလယ်၌ အပြောင်းအလဲ မလုပ်ခဲ့၍ မြန်မာအသင်းတိုက်စစ်မှာ စင်ကာပူဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပေ။ ၈၂မိနစ်ကျော်မှ ရာဇာဝင်းသိန်းကိုထုတ်ပြီး မြန်မာနေရှင်နယ်လိဂ်တွင် ခြေစွမ်းပြပြီး ဂိုးများသွင်းယူထားသည့် တိုက်စစ်မှူးစိုးမင်းဦးကို ထည့်ကစားခဲ့သည်။

### သွင်းယူပေး

စိုးမင်းဦးဝင်လာပြီးနောက်ပိုင်း မြန်မာအသင်းတိုက်စစ်အသက်ဝင်လာပြီး ဂိုးသွင်းခွင့်များရရှိလာခဲ့သည်။ ၈၇မိနစ်တွင် ပိုင်စိုး၏ အနီးကပ်ကန်ချက်ဘောထွက်ခဲ့ပြီး တစ်လုံးတည်းသောချေပဂိုးကို မိနစ်၉၀တွင် တိုက်စစ်မှူးစိုးမင်းဦးက သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၀ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည် ဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဒရာဂိုမာမစ်က ``လာအိုအသင်းကို သရေကျခဲ့၍ စိုးရိမ်စိတ်များပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်ကာ မိမိကစားသမားများ အကောင်းဆုံးမကစားနိုင်ခဲ့ကြောင်း၊ ပထမပိုင်းတွင် နှစ်ဂိုးပေးလိုက်ရပြီး ကစားပုံပျက်ခဲ့ရကြောင်း၊ ဒုတိယပိုင်းတွင် ကစားပုံကောင်းခဲ့ပါကြောင်း၊ ယခုပွဲရှုံးနိမ့်ခဲ့သော်လည်း အကြိုဗိုလ်လုပွဲ တက်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ မိမိတို့ အသင်းမှာ အင်ဒိုနီးရှားထက်ပိုကောင်းပါကြောင်း၊ လာအို-စင်ကာပူပွဲမှာလည်း အရှုံးအနိုင်ပေါ်မည်ဟုထင်ပါကြောင်း'' ဖြင့် ပြောကြားသွားသည်။

### မမျှော်လင့်သေး

စင်ကာပူအသင်းနည်းပြချုပ်က ``မိမိအသင်းအကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ မြန်မာအသင်းတိုက်စစ်ကိုလည်း ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ယနေ့ပွဲအနိုင်ရသော်လည်း အကြိုဗိုလ်လုပွဲတက်ရန် မမျှော်လင့်သေးကြောင်း၊ မိမိကစားသမားများမှာ ငယ်ရွယ်သူများဖြစ်ပြီး အတွေ့အကြုံ ရှာဖွေနေခြင်းဖြစ်ကြောင်း၊ အိမ်ရှင်လာအိုအသင်းမှာ အသင်းကောင်းဖြစ်ပြီး ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း'' ပြောကြားသည်။

ဒုတိယပွဲစဉ်တွင် အိမ်ရှင်လာအိုအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယနေ့ပွဲစဉ်အပြီးတွင် လာအိုအသင်းနှင့် စင်ကာပူအသင်းတို့ နှစ်ပွဲကစား လေးမှတ်စီရရှိထားပြီး အုပ်စုတက်ရန် အလားအလာကောင်းနေကာ မြန်မာနှင့် အင်ဒိုနီးရှားတို့မှာ တစ်မှတ်စီရရှိထားသည်။ အုပ်စုနောက်ဆုံးပွဲတွင် လာအိုနှင့် စင်ကာပူတို့ သရေကျခဲ့ပါက နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားမည်ဖြစ်ပြီး အရှုံးအနိုင်ပေါ်မှသာ မြန်မာ-အင်ဒိုနီးရှားတို့ပွဲမှ အနိုင်ရသော အသင်းမှာ အကြိုဗိုလ်လုပွဲ တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

**သတင်းနှင့်ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)**

## နေပြည်တော် လယ်ဝေးမြို့နယ် ရေကျော်ကျေးရွာ မူလတန်းကျောင်းခွဲဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာအုပ်စု ရေကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂ရက် နံနက် ၈နာရီခွဲက ကျင်းပရာ နေပြည်တော်လယ်ဝေးမြို့နယ် ပညာရေးမှူး ဦးမြင့်အောင်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်တို့က အမှာစကားပြောကြားပြီး နေပြည်တော်လယ်ဝေး စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမြဝင်းတို့က အခြေခံပညာမူလတန်းကျောင်းခွဲရရှိရန် ဆောင်ရွက်ခဲ့ရခြင်းနှင့် ပတ်သတ်၍ ရှင်းလင်းပြောကြားကြပြီးနောက် ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြိုင်တို့က ပေးအပ်သည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးထွန်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၀၈၃)

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာအိမ်ရာစီမံကိန်း၊ တိုက်အမှတ် (B-၆)၊
အခန်းအမှတ်(၁၀၄/၁၀၅)နေ
ဦးဇော်ဝင်းအောင်(ဒုတိယညွှန်ကြားရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသား
လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်)-
ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသား

**မောင်ရဲဖြိုးအောင် B.A (English)**

**Translator (E-Trade Myanmar Co.,Ltd.)**

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)အမှတ် ၈၉၃၊ဇီဇဝါ ၂ လမ်းနေ
ဦးမောင်တင်-ဒေါ်သန်းမြင့်တို့၏ သမီးထွေး

**မအိအိလွင် B.Sc (Zoology)**

**Accountant (ရတနာမြိုင်ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီ)**

တို့သည် ၆-၁၂-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲဖြိုးအောင်-မအိအိလွင်။**



## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဘီ၊ မြေကွက်အမှတ် ၅/အီး၊ ဧရိယာ ၀ ဒသမ ၂၆၀ ဧကနှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်လှ ၁၂/မရက (နိုင်) ၀၁၀၁၅၃၊ AG-၁၂၆၀၂၆ ထံမှ လည်းကောင်း၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဘီ၊ မြေကွက်အမှတ် ၅/အက်ဖ်၊ ဧရိယာ ၀ဒသမ ၁၇၃ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဦးလှိုင် ၉/မနမ(နိုင်) ၀၁၁၅၄၆၊ SOB-၁၄၁၉၃၉ထံမှ လည်းကောင်း၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဘီ၊ မြေကွက်အမှတ် ၅/ဘီ၊ ဧရိယာ ၀ ဒသမ ၂၃၀ ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြသန်း ၁၂/ကမတ (နိုင်)၀၄၃၅၆၆၊ H/RGN-၀၀၂၅၂၁ထံတို့မှ အပြီးအပိုင် အသီးသီးဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာလုံလောက်သော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်သူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောဂျက်ကော့ထူး LL.B အထက်တန်းရှေ့နေ**
**A-4၊ တိုက်အမှတ် ၅၀၄၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၈၆-၄၀၇၃၁။**



**ပျောက်ဆုံးခြင်း**

ကျွန်မ ဒေါ်ကြူလွမ် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၆/ထဝန(နိုင်) ၀၃၆၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် PP -၈၂၁၅၅၃မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀-၀၉၉၂၂။**



**အမည်ပြည့်စွက်ခေါ်ပါရန်**

အဖ ဦးခင်ဇော်၏သမီး မကေသီမိုးဇော် ၁၂/တမန(နိုင်) ၀၀၂၉၉၃ အား မကေသီမိုးဇော်(ခ) မကေသီမိုး ဟု ပြည့်စွက်ခေါ်ပါရန်။

**မကေသီမိုးဇော်(ခ) မကေသီမိုး။**




## လေးမျက်နှာ အလက၊ အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

*ရန်ကုန် ဒီဇင်ဘာ ၇*

*ဧရာဝတီတိုင်း လေးမျက်နှာမြို့ အလက၊ အထကကျောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်နှင့် ပြည့်ပြီး ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လေးမျက်နှာမြို့ အထကသို့ ဒီဇင်ဘာ ၂၅ရက် ညနေ အရောက် ကြွရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက ရန်ကုန် ဒေါ်ညွန့်ညွန့်ဦး ဖုန်း -၀၁-၅၂၆၀၀၆၊ ဒေါ်မြင့်မြင့်ချို ဖုန်း-၀၉-၅၁-၀၈၁၇၄၊ ဦးငွေဝင်း ဖုန်း-၀၉-၅၀-၁၁၉၆၀၊ ဦးမြသိန်း ဖုန်း-၀၁-၃၃၅၆၇၂၊ မောင်ဇော်မင်းထွန်း ဖုန်း-၀၉-၅၀-၅၁၇၈၉၊ ဟင်္သာတ ဦးထွန်းအောင် ဖုန်း- ၀၄၄-၂၁၄၈၀၊ ဦးတင်နိုင်လင်း၊ ပုသိမ် ဦးခင်မောင်စိုး ဖုန်း-၀၄၂-၂၁၀၈၇၊ အဝေရာ ဦးသိန်းဝင်း ဖုန်း-၀၉-၈၅-၅၁၃၃၈၊ လေးမျက်နှာ ဒေါ်ကြင်ငွေ ဖုန်း-၀၉-၈၅-၈၃၄၅၂နှင့် ဦးစိုးလေး ဖုန်း-၀၉-၈၅-၇၂၆၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

## ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က အင်းစိန်မြို့နယ် အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ မြို့နယ်ရှစ်မြို့နယ်မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာယဉ်သန္တာလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်း**

အခမ်းအနားတွင် အင်းစိန်မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ဆွေ **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းကျန်းမာရေး ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာယဉ်သန္တာလွင်က ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးခေါင်းဆောင် ဒေါက်တာလှသက်မွန်က မြို့နယ်အတွင်း ခုခံအားကျဆင်းမှုနှင့်ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

**ဆုချီးမြှင့်**

ထို့နောက် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## ဒေးဒရဲအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၇**

ဒေးဒရဲမြို့ အစိုးရအထက်တန်းကျောင်း အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ဒေးဒရဲမြို့ အထက(၁) ကရဝိက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးစိုးသိန်း ရန်ကုန် ဖုန်း-၀၁-၂၄၅၉၂၃၊ ၀၉-၅၁-၃၆၇၉၈၊ ဒေါ်ခင်ရီ ရန်ကုန် ဖုန်း-၀၁-၅၂၄၂၅၅၊ ၀၉-၅၀-၁၆၃၉၆၊ ဦးအောင်သိန်း(ရွှေဆိုင်) ဒေးဒရဲ ဖုန်း-၀၄၅-၅၆၂၈၀နှင့် ဦးကျင်စိန် (လျှပ်စစ်ပစ္စည်းဆိုင်) ဒေးဒရဲ ဖုန်း-၀၄၅-၅၆၂၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စာကြည့်တိုက်များ စံ(၅)ချက်ပြည့်စုံရေး မြဝတီ၌ ဆွေးနွေး

**မြဝတီ ဒီဇင်ဘာ ၇**

မြဝတီခရိုင် မြဝတီမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ရေပူကျေးရွာတွင် ဒီဇင်ဘာ ၁ ရက်က ဒေသခံကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းဆွေးနွေးပွဲတွင် စံ(၅) ချက်နှင့်ညီသော စာကြည့်တိုက်ဖြစ်လာရေးအတွက် ဦးစီးအရာရှိ ဒေါ်ခင်အုန်းသွင်က ဆွေးနွေးပြီး**(အောက်ပုံ)** ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးနိုင်က စာကြည့်တိုက်လုပ်ငန်းများ လက်တွေ့ရှင်းလင်းပြသခြင်းတို့ကိုဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၁၆လမ်းနေ ဦးမောင်မောင်စိန် (မန်နေးဂျင်းဒါရိုက်တာ၊ ဂရိတ်ဝေါဆေးဝါးနှင့် ဆောက်လုပ်ရေး)က နှင်းဆီကုန်းဘိုးဘွားရိပ်သာ လေးထပ်ဆောင်သစ်အတွက် အလှူငွေနှင့် ဂရိတ်ဝေါမှ ထုတ်လုပ်သော ဆေးဝါးများ စုစုပေါင်းတန်ဖိုး ကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

## စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မြောက်ဥက္ကလာပ၌ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင်မြောက်ဥက္ကလာပ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၃ရက်က စာကြည့်တိုက်များရှင်သန်ခိုင်မာရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုကို ပုရွက်ဆိတ်ကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဓမ္မမဏ္ဍိုင်ရောင်ခြည်ဦး စာကြည့်တိုက်တွင် ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရန်၊ ရပ်ကွက်ပြည်သူများအား စာဖတ်လိုသည့်စိတ်ဖြစ်ပေါ်လာအောင် စည်းရုံးဆောင်ရွက်ရန်နှင့် စာအုပ်စာစောင်များ တိုးပွားရေးအတွက် စာငှားစနစ်ကျင့်သုံးဆောင်ရွက်ရန်တို့ကို ဆွေးနွေးဟောပြောသည်။

**ဆွေးနွေး**

ဆက်လက်၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲဝင်းက စာကြည့်တိုက်၏ အခြေအနေ၊ စာအုပ်များ ထိန်းသိမ်းထားရှိမှုနှင့် စာကြည့်တိုက်မြေနေရာ ကိစ္စရပ်များကို ပြန်လည် ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်မှူးက စာငှားစနစ် ကျင့်သုံးမှုနှင့် စာဖတ်ပရိသတ် အခြေအနေများကို ဖြည့်စွက် ဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်းဆင်း

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒိုင်လူကြီးသင်တန်း (၆/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် နာယက ဦးကျော်စိန် (မိုးကုတ်-ဖြူစင်မေတ္တာဆေးတိုက်)၊ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်**(အောက်ပုံ)**နှင့် အမှုဆောင် ဦးချစ်လှိုင်တို့က သင်တန်းဆင်း လက်မှတ်များ ပေးအပ်ကြသည်။

**(ခြင်းလုံးအဖွဲ့ချုပ်)**

**မူးယစ် ကင်းစင် အလှဆင်**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၏ နိုင်ငံသားအရည်အချင်းပြည့်မီသူများကို နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၄ ရက်က အမှတ်(၉၄) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးရှင်ခန့်ထန်က နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပေးအပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကျော်ငြိမ်း-ဒေါ်ဖြူဖြူထွန်းတို့၏ တစ်ဦးတည်းသောသား

**မောင်လင်းကျော်ငြိမ်း B.A(History)**

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်တင်မြင့်ဝင်းတို့၏ သမီးငယ်

**မနွယ်အေးလဲ့ဝါ B.A(English)**

တို့၏ ၂-၁၂-၂၀၀၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းကွန်းတိပိဋကကျောင်းတိုက် ရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်တို့ကို ဆင်မြန်းပေးပါသော သံအမတ်ကြီး ဦးလှမောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သန္တာခင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းကို စောင်းဖြင့်ချီးမြှင့်ပေးပါသော အဆိုတော် ဒေါ်ရီရီသန့် တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး ယွန်းမီမီဦးနှင့် သမီး ဖူးမြတ်သန့်စင်အားလည်းကောင်း၊ သတို့သား သတို့သမီးအရံများဖြစ်ကြသော မောင်ကျော်ဇေယျနှင့် မခင်ချိုထွန်းတို့အားလည်းကောင်း၊ ၂-၁၂-၂၀၀၉ ရက် ညပိုင်းတွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် အခမ်းအနားမှူးဖြစ်သူ ဦးလှမြင့်ဝင်း၊ The Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့် သီဆိုဖျော်ဖြေပေးသည့် အဆိုတော်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ နန္ဒစိုင်း၊ ဂျွန်၊ ကော်ပိုရာနှင့် ငယ်ငယ်တို့အားလည်းကောင်း၊ မိုးကိုဦးဗီဒီယိုနှင့်ဓာတ်ပုံအဖွဲ့၊ မိတ်ကပ်ဆံပင်အလှဆင်မြန်းပေးသော ဒီဇင်ဘာနှင်းနှင့်အဖွဲ့အားလည်းကောင်း၊ ညှော်ခံပွဲအခမ်းအနား ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော မင်းကွန်းတိပိဋကနှင့် Sedona Hotel မှ တာဝန်ရှိသူများ၊ ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်လင်းကျော်ငြိမ်း-မနွယ်အေးလဲ့ဝါ။**

---

## မင်္ဂလာဦးဆုတောင်း

ကိုလင်းနှင့် ညီမလေး လဲ့ဝါတို့၏ ၂-၁၂-၂၀၀၉ ရက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင် တည်တံ့ခိုင်မြဲ ပျော်ရွှင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်-

**မကြီး-မယမင်းဦး (ရတနာနွယ် ဦးထုပ်ဆိုင်)**
**ယုဇနပလာဇာ**
**မောင်လေး-မောင်ပြည့်ဖြိုးကိုကို Second Year(Myan) U.D.E။**




## အသုံးမလိုပိုလျှံသံထည်ပစ္စည်းအဟောင်းများ ဈေးပြိုင်အိတ်ပိတ်စနစ်ဖြင့် ရောင်းချရန်လျှောက်လွှာခေါ်ယူခြင်း

Myanmar Winery & Distillery Co.,Ltd.မှ အသုံးမလိုပိုလျှံစက်ပစ္စည်းအပျက်များနှင့် သံထည်ပစ္စည်းအဟောင်းများ၊ သံပိုက်ဟောင်းများ၊ ဈေးပြိုင်အိတ်ပိတ် ဈေးနှုန်းတင်သွင်းလွှာစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

ဝယ်ယူလိုသူများသည် စပေါ်ငွေတင်သွင်းရမည်ဖြစ်ပြီး ဝယ်ယူခွင့်မရရှိပါက စပေါ်ငွေကို ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။

ရောင်းချပစ္စည်းများ၏ မျက်မြင်အခြေအနေကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၄ရက်မှ ၂၂ရက်အတွင်း ကြည့်ရှုရမည်ဖြစ်ပြီး။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၃ရက် မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းတင်သွင်းလွှာကို လက်ခံပါမည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၈ရက် နံနက် ၁၁နာရီတွင် ဝယ်ယူခွင့်ရရှိသူကို ကြော်ငြာပေးပါမည်။

ဈေးနှုန်းလွှာတင်သွင်းရန် အသေးစိတ်အချက်အလက်များကို ယနေ့မှစ၍ အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဒေါ်မြတ်မြတ်ဝင်း၊ ဘဏ္ဍာရေးမန်နေဂျာ**
**(ပစ္စည်းဟောင်းထုခွဲရောင်းချရေးအဖွဲ့ကိုယ်စား)**
**အမှတ်၁၈၊ ပြည်လမ်း (၇)မိုင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၆၃၁၀၂၈၇။**

## မင်္ဂလာဆုတောင်း

**မောင်ကျော်လင်းစံ**
**B.E (Chemical)YTU**
**Executive Project Engineer,SOXAL Pte.,Ltd.Singapore**

နှင့်

**ဒေါက်တာနီနီဝင်း**
**B.E.,M.E.,Ph.D (Electrical Power)YTU**

တို့၏ ၇-၁၂-၂၀၀၉ရက်တွင် ကျရောက်သော နှစ်ပတ်လည်မင်္ဂလာရက်မြတ်မှသည် ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့သာယာသော ဘဝခရီးလမ်းကို သက်ဆုံးတိုင် လက်တွဲခိုင်ခိုင် လျှောက်လှမ်းနိုင်ပြီး သာသနာအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြု ဆုမွန်ခြွေအပ်ပါသည်-

**ပါပါ-မေမေ** - ဒေါက်တာစံလှကျော်-ဒေါ်ခင်စု၊
**ချစ်ညီငယ်များ** - ဒေါက်တာကျော်ခိုင်စံ၊ ဒေါက်တာကျော်ယုစံ၊
**ပါပါ-မေမေ** - ဦးအောင်ကျော်သိန်း-ဒေါ်သာနုအေး
**အစ်ကိုကြီး** - ကိုထွန်းဝင်းကျော်။




**ဥတုရာသီ တောကိုမို၏**

## ညောင်တုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၇၁)နှစ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို၂၀၁၀ခုနှစ်ဇန်နဝါရီ၁၀ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီတွင်ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

**နှိုးဆော်**

အခမ်းအနားသို့ အသင်းသားအသင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်တို့၏ သားသမီးများ အမည်စာရင်းတို့ကို လိုအပ်သော အမှတ်စာရင်း၊ ဂုဏ်ထူးရဘာသာ၊ စာဖြေဌာန၊ ကျောင်းထောက်ခံချက်၊ ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း-၃၈၀၁၀၆၊ ဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၆၄၁၄၃၅၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၅၆၅၄၇၉၊ ၀၉-၅၁၁၄၁၂၅ နှင့် အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း- ၂၀၃၅၀၁၊ ၀၉-၅၁၄၉၀၆၃တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

## ခြံရောင်းမည်

ဘုရင့်နောင်ပွဲရုံတန်း ကားကြီးဝင်းပတ်လမ်း
စီးပွားရေးလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံရန်
နေရာကောင်း ပေ(၄၀× ၆၀) ဂရန်ကွက်
ညှိနှိုင်းရောင်းမည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၈၉၂၄၅၉၁။**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟို)မှ ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၁ရက်က ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်အေး(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်ခြောက်ဦး၊ ပညာရည်ချွန်ဆုရရှိသူများနှင့် အသက်(၇၅)နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၂ ဦးတို့အား ထောက်ပံ့ငွေများ ချီးမြှင့်စဉ်။ (၁၇၀)

နိုဝင်ဘာ ၂၉ရက်က (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ဆုချီးမြှင့်စဉ်။

(ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်)

## ကမ္ဘာ့အထူးခြားဆုံးဟိုတယ်များ

ကမ္ဘာ့အထူးခြားဆုံးဟိုတယ်များ ကမ္ဘာ့အထူးခြားဆုံးဟိုတယ်များ ကမ္ဘာ့အထူးခြားဆုံးဟိုတယ်များ

ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီး၌ ဟိုတယ်များတည်ဆောက်ထားလျက်ရှိရာ အထူးခြားဆုံးဟိုတယ်အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

**မောင်မောင်မြင့်ဆွေ စုစည်းသည်**



### ဖလော်ရီဒါကမ်းလွန်မှ ရေအောက်ဟိုတယ်

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကမ်းလွန်ရေအောက်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ **(ယာပုံ)** အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)မှ တည်ဆောက်ထားသော ရေအောက်ဟိုတယ်ပြီးလျှင် ဒုတိယမြောက်ရေအောက်ဟိုတယ်တစ်ခုလည်းဖြစ်သည်။ ဟိုတယ်တည်းခိုခမှာ တစ်ညလျှင် အမေရိကန်ဒေါ်လာ ၃၅၀ ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များစွာ လာရောက်တည်းခိုလျက်ရှိသည်။ ကြယ်ငါးပွင့်အဆင့် အခန်းခြောက်ခန်းပါရှိပြီး ကျန်အခန်းများမှာလည်း နိုင်ငံတကာအဆင့်မီ အခန်းများဖြစ်သည်။ ဆွေးနွေးပွဲခန်းမ၊ စားသောက်ခန်းမနှင့် အပန်းဖြေနားနေခန်းများလည်း ပါဝင်သည်။ **(အင်တာနက်)**



### ဒူဘိုင်းမှ ရေအောက်ဟိုတယ်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့အနီး ရေအောက်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ပထမဆုံးရေအောက်ဟိုတယ်တစ်လုံးလည်းဖြစ်သည်။ (အပေါ်ပုံ) အကျယ်အဝန်းမှာ ဟက်တာ ၂၆၀ ရှိပြီး လန်ဒန်မြို့ ဟိုက်ပက်ခ်ပန်းခြံနှင့် အရွယ်အစားတူညီသည်။ ဧည့်သည် ၂၂၀ ခန့်တည်းခိုနိုင်ပြီး မြေပြင်ပေါ်သို့ ဝင်ထွက်သွားလာနိုင်ရန် ဥမင်ဖောက်လုပ်ထားသည်။ ယင်းဟိုတယ်ကို အမေရိကန်ဒေါ်လာ သန်း၃၀၀ ခန့် အကုန်အကျခံ တည်ဆောက်ထားရာ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမ၊ စားသောက်ခန်းများနှင့် ဖျော်ဖြေရေးနေရာများပါ ထည့်သွင်းတည်ဆောက်ထားသည်။ ကမ္ဘာပေါ်၌ ခေတ်မီဆန်းပြားစွာ တည်ဆောက်ထားသည့် ဟိုတယ်တစ်လုံးလည်း ဖြစ်သည်။

(အင်တာနက်)

### ဆွီဒင်မှ ရေခဲဟိုတယ်

ဆွီဒင်နိုင်ငံမြောက်ပိုင်း ဂျူကတ်ဂျာဗီကျေးရွာအနီး ရေခဲတုံးများဖြင့် တည်ဆောက်ထားသည်။ ဆွီဒင်နိုင်ငံ တိုနေမြစ်ကမ်း၌ မေးတင်တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းရေခဲဟိုတယ်ကို အထူသုံးပေရှိသော ရေခဲတုံးများဖြင့် လှပသောဒီဇိုင်းပုံစံဖြင့် ပြုလုပ်ထားသည်။ (ဝဲပုံ) ဟိုတယ်အကျယ်အဝန်းမှာ စတုရန်းမီတာ ၃၅၀၀ ဖြစ်ပြီး နှင်းခဲတန်ချိန် ၃၀၀၀၀ နှင့် ရေခဲတုံးတန်ချိန် ၁၀၀၀၀ကို အသုံးပြုတည်ဆောက်ထားသည်။ ပြဇာတ်၊ ခန်းမ၊ ရုပ်ရှင်ပြခန်း၊ ဆွေးနွေးပွဲခန်းမ၊ နားနေခန်းနှင့် အိပ်ခန်းများ ပါဝင်သည်။ နှစ်စဉ်ဆောင်းရာသီရောက်တိုင်း ရေခဲဟိုတယ်ကို ပြန်လည်တည်ဆောက်ရသည်။ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်အများအပြား လာရောက်တည်းခိုကြကြောင်း သိရသည်။ (အင်တာနက်)

## အာကာသကစခဲ့တဲ့ ဇာတ်လမ်းပေပဲလား ...

**နိုင်ငံတကာမှုခင်း**

ချစ်ခြင်းမေတ္တာဟူသည် တစ်ဦးအပေါ်တစ်ဦး ဆက်နွယ်စွဲငြိမိပြီဆိုလျှင် မိုင်ပေါင်းသိန်းသန်းကုဋေချီ၍ ဝေးကွာနေသည့်တိုင်အောင် ပျက်ပြယ်ချုပ်ငြိမ်းသွားသည်ဟူ၍ မရှိဟု တင်စားပြောဆိုသော် မှန်ကောင်းမှန်ပေလိမ့်မည်။

မမှန်သည်ထားဘိဦး၊ မှားသည်ဟုကား ဆိုရန်ခက်ပါဘိ၏။

သံယောဇဉ်နှောင်ကြိုးတွေ တည်းလာပြီဆိုလျှင်လည်း စကြဝဠာအနန္တတွင် ကမ္ဘာမြေအထပ်ထပ်ခြားသည့်တိုင်အောင် ပြတ်တောက်ကွယ်ပျောက်သွားလိမ့်မည်မဟုတ်ဟု မှတ်ချက်ချသော် မှားမည်မထင်မိ။

တကယ်ချစ်လာပြီဆိုလျှင် တစ်ရက်ဝေးရုံမျှနှင့်ပင် နှစ်ပေါင်းအသင်္ချေ အသင်္ချာ ဆွေးရအံ့ဟု ဆိုကြမည်မှာမုချ။

အချစ်ကြောင့် ပူဆွေးသောကဗျာပါဒတွေ ဝိုင်းပတ်ချုပ်နှောင်ခံနေရသူများလည်း မနည်းလှ။

ဝေးတစ်သက်သက် နီးတကျက်ကျက်ဆိုသည့် နှလုံးသားစကားလည်းရှိသေး၏။ ဟုတ်စ။

အချစ်ကြောင့် မီးနှင့်အရှို့ခံရသလို ပူလောင်မှုဒဏ် ခံစားကြရသူတွေလည်း အများကြီး။

ထားတော့။ အချစ်ကို ဖျောက်ဖျက်ဖယ်ရှားမရနိုင်သည့်အဆုံး ကမ္ဘာမြေပြင်ကနေ အာကာသအထိ၊ အာကာသမှနေ ကမ္ဘာမြေပြင်အထိ ကူသယ်ခေါက်သယ် ထွေးပိုက်သယ်ပိုးကြရသူများ၏အဖြစ်ကို ပြောချင်လွန်းပါ၏။ ပြောစမ်းချင်ပါဘိ။

လီဆာနိုဝပ်

### စီရင်ချက်ချ

ဟူစတန်ကနေ အော်လန်ဒိုအထိ မိုင်ပေါင်း ၁၀၀၀ ခရီးကို မော်တော်ကားဖြင့် အပြင်းနှင်ခဲ့ရသော အော်လန်ဒိုလေဆိပ်ယာဉ်ရပ်နားစခန်းတစ်ခုတွင်ဖြစ်၏။ တစ်ဦးတည်းကို နှစ်ဦးအပြိုင်ချစ်ခဲ့ကြသည့်အတွက် အချစ်ရေးဆိုင်ရာ ရင်ဆိုင်ပဋိပက္ခဖြစ်ကြရသည့်ဖြစ်ရပ်ပါ။ ယင်းအချစ်ကြောင့်ဖြစ်သည့် အချစ်ပဋိပက္ခကို ရဲကရုံးတင်တရားစွဲခဲ့ရပါ၏။ မော်တော်ကားကိုအပြင်းမောင်းပြီး အချစ်ပဋိပက္ခနှင့် ရင်ဆိုင်ရသူမှာ အာကာသယာဉ်မှူးဟောင်းတစ်ဦးလေ။ ယင်းအာကာသယာဉ်မှူးဟောင်းက မိမိမှာအပြစ်ရှိကြောင်း ဝန်ခံလိုက်သဖြင့် သူ့ကိုခံဝန်ချုပ်ဖြင့် တစ်နှစ်ကောင်းမွန်စွာနေထိုင်ရန် တရားရုံးက စီရင်ချက်ချလိုက်ရသည့်အဖြစ်။

ယင်းကဲ့သို့ခံဝန်ချုပ်ဖြင့် တစ်နှစ်ကောင်းမွန်စွာနေထိုင်ရန် ပြစ်ဒဏ်ချခံရသူမှာ အာကာသယာဉ်မှူးဟောင်း လီဆာနိုဝပ်ဖြစ်၏။ သူသည်ရေတပ်ဗိုလ်မှူးကြီးတစ်ဦးလည်း ဖြစ်၏။ အမှုနှင့်ပတ်သက်၍ အပြစ်ရှိကြောင်း သူဝန်ခံထွက်ဆိုသွားခဲ့ခြင်းတည်း။

### ပဋိပက္ခဖြစ်

လီဆာနိုဝပ်သည် အချစ်ပြဿနာကြောင့် ရင်ဆိုင်ပဋိပက္ခဖြစ်ရ၏။ ပြဿနာရှင်မှာ ကောလင်းရှက်ဖ်မင်းဖြစ်၏။ လီဆာနိုဝပ်နှင့် ကောလင်းရှက်ဖ်မင်းတို့သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် အော်လန်ဒိုနိုင်ငံတကာလေဆိပ် ယာဉ်ရပ်နားစခန်း၌ အချစ်နှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ရခြင်းပါ။

အာကာသလွန်းပြန်ယာဉ်မှူးဟောင်း ဘီးလ်အော်ဖီလိန်းနှင့် လီဆာနိုဝပ်တို့ဖြစ်ခဲ့သော အချစ်ဇာတ်လမ်းဟောင်းကို ရှက်ဖ်မင်းကစပြီး နောက်ကြောင်းပြန်ပြောခဲ့ရာမှ လီဆာနိုဝပ်နှင့် ကောလင်းရှက်ဖ်မင်းတို့ ပဋိပက္ခသည် အရှိန်မြင့်လာခဲ့တော့သည်။

ပဋိပက္ခ ဖြစ်ကြသည့်အချိန်က ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလကပါ။

ဖြစ်ရပ်ကား ဤသို့ပါတည်း။

လီဆာနိုဝပ်သည် ဆံပင်အတုတပ်ထားပြီး ကုတ်အင်္ကျီအရှည် ဇစ်မိုးကာကို ဝတ်ဆင်ထားရာ ကောလင်းရှက်ဖ်မင်းနှင့်အတူ ယာဉ်ရပ်နား စခန်းဆီသို့ လျှောက်လှမ်းလာခဲ့ကြသည်။ ကောလင်းရှက်ဖ်မင်းကို လီဆာနိုဝပ်က သူ့မော်တော်ကားပေါ်သို့တွဲခေါ်သွားသည်။ ထို့နောက်ပဋိပက္ခ စတင်ရာတွင် ကောလင်းရှက်ဖ်မင်းက လီဆာနိုဝပ်ကို ငရုတ်ကောင်းမှုန့်နှင့် ပက်ဖျန်း အာရုံဖျောက်ကာ ကားမောင်းထွက်ပြေးခဲ့ရသည့် ဇာတ်လမ်းပါ။

ယင်းကိစ္စနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ကိုတိုင်ကြားသဖြင့် ရဲကအမှိုက်ပုံးအနီးရှိ ယာဉ်ရပ်နားစခန်းတွင် လီဆာနိုဝပ်အား အချိန်တိုအတွင်း ဖမ်းဆီးမိလိုက်သည်။ လီဆာနိုဝပ်က သူ့လက်ကိုင်အိတ်ကို အမှိုက်ပုံးအနီးတွင် လွှင့်ပစ်ခဲ့သည်ကို ရဲများကတွေ့ပြီး ယင်းလီဆာနိုဝပ် လွှင့်ပစ်ထားခဲ့သောအိတ်ကို ဖွင့်၍ရှာသည်။

### ရှာဖွေတွေ့ရှိသွား

လက်ကိုင်အိတ်အတွင်းတွင် သံမဏိလက်ရိုက်တစ်ခု၊ အိတ်ဆောင်ဓားတစ်ချောင်း၊ ဘီဘီပစ္စတိုတစ်လက်၊ ရော်ဘာပိုက်လုံးတစ်ခုနှင့် အမှိုက်ထည့်သည့် အကြီးစားအမှိုက်အိတ်ကြီးအချို့ကို ရဲများက ရှာဖွေတွေ့ရှိသွားသည်။

လီဆာနိုဝပ်၏ ရက်စက်ယုတ်မာလှတဲ့လုပ်ရပ်ကို သုံးနှစ်နီးပါးကြာအောင် မမေ့နိုင်ဘဲ တစိမ့်စိမ့်တွေးပြီး တနုံ့နုံ့သတိရနေပါတယ်။ ယခုထိနှလုံးတုန်ရင်ခုန်ဆဲပါပဲဟု ကောလင်းရှက်ဖ်မင်းက တရားသူကြီးအား ပြောပြသည်။

လီဆာနိုဝပ်ကမူ ရှိုက်ကြီးတငင်မငိုမိအောင် မျက်ရည်ဆည်ရင်း ကောလင်းရှက်ဖ်မင်း၏ စကားကို ဂရုတစိုက်နားထောင်နေချေရဲ့။

"လီဆာနိုဝပ်က ကျွန်တော့်ကို ရန်ပြုတိုက်ခိုက်ချိန်မှာ သူဟာ ကျွန်တော့်ကို သတ်တော့မှာပါလားလို့ တထစ်ချသိလိုက်ရပါတယ်"ဟုလည်း ကောလင်းရှက်ဖ်မင်းက တရားသူကြီးကို လျှောက်လဲသည်။

"ဒီနေ့ညမှာတော့ အလွန်ဆိုးရွား ကြောက်မက်ဖွယ်ကောင်းလှတဲ့ အသေဆိုးနဲ့ သေရမယ့်အခြေအနေက လွတ်မြောက်ခဲ့ရတာပဲလို့ ကျွန်တော်တွေးနေမိပါတယ်"ဟုလည်း ကောလင်းရှက်ဖ်မင်းက တရားသူကြီးကို ပြောပြသည်။

### ပြောကြား

ဆက်လက်စစ်ဆေးရန် ရက်ချိန်းပေးထားသည့် ယင်းလီဆာနိုဝပ်၏အမှုတွင် သက်သေခံပစ္စည်းအဖြစ် အသုံးပြုမည့် ကလေးခါးတောင်းကျိုက်ပိတ်စအပါအဝင် ရော်ဘာလက်ကိုင်အိတ်နှင့် အခြားပစ္စည်းအချို့ကို လီဆာနိုဝပ်၏ မော်တော်ကားပေါ်၌ ထပ်မံတွေ့ရသည်ဟု ရှေ့နေများက ပြောကြားသည်။

၂၄ နာရီမက အိပ်မပျော်နိုင်အောင်ဖြစ်ခဲ့ရသော အာကာသယာဉ်မှူးဟောင်း လီဆာနိုဝပ်ကို အမှုစစ်များက အောင်မြင်စွာစစ်ဆေးနိုင်ခဲ့ပါ၏။

### အဖမ်းခံရ

အာကာသယာဉ်မှူးဟောင်း လီဆာနိုဝပ်သည် အသက်(၄၆)နှစ်ရှိပြီဖြစ်သည်။ သားသမီးသုံးဦးမိခင်လည်း ဖြစ်သည်။ သူမသည် ၂၀၀၆ခုနှစ်တွင် အာကာသလွန်းပြန်ယာဉ်ဖြင့် အာကာသသို့သွားရောက်ခဲ့ဖူးသည်။ သို့သော် သူမအဖမ်းခံရပြီးနောက် သူမကို အာကာသယာဉ်မှူးများအဖွဲ့မှ ထုတ်ပယ်လိုက်သည်။ ယခုအခါ သူမသည် တက္ကဆက်ပြည်နယ် ကောပတ်စ်ခရစ္စတီရေတပ် အခြေစိုက်စခန်း၌ အချိန်ပြည့်တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

### အတူနေထိုင်

အသက် (၄၄)နှစ်အရွယ်ရှိ အော်ဖီလိန်းကို အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်မှုအဖွဲ့ (နာဆာ)မှ ထုတ်ပစ်လိုက်သည်။ အော်ဖီလိန်းသည် ယခုအခါ အလက်စကာပြည်နယ်တွင် ကောလင်းရှက်ဖ်မင်းနှင့်အတူ နေထိုင်လျက်ရှိသည်။

နိဂုံးချုပ်ရသော် အမျိုးသမီးအာကာသယာဉ်မှူးဟောင်း လီဆာနိုဝပ်သည် တရားရုံးတွင် သူမ၌အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးခဲ့သည်။ ယခင်ကလည်း အမှုဖြစ်ခဲ့ဖူးသည်။ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၅ရက်တွင် အော်လန်ဒို နိုင်ငံတကာလေဆိပ်၌ ကောလင်းရှက်ဖ်မင်းနှင့် ပဋိပက္ခဖြစ်ခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်၍ လီဆာနိုဝပ်ကို တရားရုံးက ခံဝန်ချုပ်ဖြင့် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်သတ်မှတ်လိုက်ခြင်း ဖြစ်ကြောင်းပါဗျာ။ ။

ကိုးကား - အင်တာနက်

**ဆွေ-စုစည်းသည်**

**ချစ်ခြင်းမေတ္တာဟူသည် တစ်ဦးအပေါ်တစ်ဦး ဆက်နွယ်စွဲငြိမိပြီဆိုလျှင် မိုင်ပေါင်း သိန်းသန်းကုဋေချီ၍ ဝေးကွာနေသည့်တိုင်အောင် ပျက်ပြယ်ချုပ်ငြိမ်းသွားသည်ဟူ၍မရှိ။**

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဖြစ်သော ဘုရင့်နောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၆ရက်က ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မော်လိုက်၌ ဘက်စုံလေ့လာမှု စစ်တမ်းကောက်ယူရေး သင်တန်းဖွင့်

*မော်လိုက် ဒီဇင်ဘာ ၃*

*မော်လိုက်ခရိုင်စီမံကိန်းဦးစီးဌာနက ကျင်းပသည့် မြန်မာနိုင်ငံနှင့် UNDPတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဘက်စုံလေ့လာမှု စစ်တမ်း ဒုတိယအဆင့် ကောက်ယူခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ရက် မွန်းလွဲ ၂နာရီက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။*

*ယင်းနောက် မော်လိုက်ခရိုင် စီမံကိန်းဦးစီးဌာန ခရိုင်တာဝန်ခံ ဦးတင်အောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းစီမံကိန်းဦးစီးအရာရှိ ဒေါ်သန်းသန်းဆွေက စစ်တမ်းကောက်ယူမည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။*

*အဆိုပါသင်တန်းသို့ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ် စီမံကိန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။* ***(ခရိုင် ပြန်/ဆက်)***

## နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နမ့်ခမ်း ဒီဇင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပေါက်နေရပ်ကွက်အသင်းနှင့် နောင်စန့်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ပေါက်နေရပ်ကွက်အသင်းက နောင်စန့်ရပ်ကွက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသဖြင့် ဆုရရှိသူများအား မြို့နယ်အားကစားအရာရှိ ဒေါ်နန်းအေးခင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမရရှိသော ပေါက်နေရပ်ကွက်အသင်းအား မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးလှဝင်းက ဆုပေးအပ် ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

## ကြွပ်ကြွပ်အိတ်များ အသုံးမပြုရေး ရွှေကူမြို့နယ်၌ ပညာပေးဟောပြော

ရွှေကူ ဒီဇင်ဘာ ၅

**ကချင်ပြည်နယ်အတွင်း ကြွပ်ကြွပ်အိတ်သုံးစွဲမှု လုံးဝကင်းစင်ပပျောက်စေရမည်ဟူသော စီမံချက်နှင့်အညီ ရွှေကူမြို့နယ်တွင်လည်း ကြွပ်ကြွပ်အိတ်များထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် အသုံးပြုခြင်းများကို တားမြစ်ရေးအတွက် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂ရက် မွန်းလွဲ ၂နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသူရဇော်၊ သစ်တောဦးစီးအရာရှိနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့က ပညာပေးဆွေးနွေးသည်။**

(မြို့နယ် ပြန်/ဆက်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူတို့ ပူးပေါင်းဆောင်ရွက်သော ချောက်မြို့ အမှတ်(၅)နယ်မြေ ရွှေသူဌေးကုန်းပတ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို နိုဝင်ဘာ ၂၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနေဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

**တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျောက်မောင်နှမ ကြက်ကိုင်းလမ်းခင်းရန်အတွက် ကျောက်စုဆောင်းထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## စာကြည့်တိုက် ရေရှည်တည်တံ့ရေး မိုးမောက်၌ ဆောင်ရွက်

**မိုးမောက် ဒီဇင်ဘာ ၃**

မိုးမောက်မြို့နယ် မင်းကျမ်းကျေးရွာ ပညာတံခွန်စာကြည့်တိုက်တွင် စာအုပ်နှင့် ရန်ပုံငွေလှူဒါန်းပွဲကို နိုဝင်ဘာ ၂၉ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးညွန့်ရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

အဆိုပါစာကြည့်တိုက်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများက ရန်ပုံငွေကျပ် ၇၀၀၀၀နှင့် သုတရသစာအုပ်မျိုးစုံအုပ်၄၀ တို့ကို ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**

## ညောင်တုန်းအထက (၁)၌ အာစရိယပူဇော်

ညောင်တုန်း ဒီဇင်ဘာ ၂

**ညောင်တုန်းမြို့နယ် ယခင်အထက၊ အလက(၁)၊ အလက(၂)တို့နှင့် ယခုအထက(၁)၊ အထက(၂)နှင့် မြို့မ အလကတို့တွင် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ညောင်တုန်းမြို့နယ် အထက(၁) လှိုင်ပညာခန်းမ၌ ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။**

### ကျင်းပမည်

ထိုကျောင်းများ၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ယင်းကျောင်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီး ၁၅၀ကျော်တို့အား ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

ရပ်ဝေးရောက် ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေ ပေးပို့လှူဒါန်းလိုပါက နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ဥက္ကဋ္ဌ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ (ညောင်တုန်းမြို့ ဟုလိပ်မူ၍ ဖက်စ်ဖြင့် ငွေလွှဲပေးပို့ လှူဒါန်းနိုင်ပါကြောင်းနှင့် ဦးတင်ဦး (ညောင်တုန်းမြန်မာ့စီးပွားရေးဘဏ် ဖုန်း-၀၄၆-၂၀၄၆၇၊ ဦးကိုကိုမောင် ဖုန်း-၀၉-၈၅၄၀၃၆၁၊ ဦးဖုန်းမြင့် ဖုန်း-၀၄၆-၂၀၃၁၉၊ ဦးတင်လှိုင် ဖုန်း-၀၄၆-၂၀၁၉၈၊ ဦးစိုးဝင်း ဖုန်း-၀၉-၈၅၄၀၃၂၃၊ ဦးနိုင်ဦး ဖုန်း-၀၉-၈၅၄၀၁၇၂၊ ဦးမျိုးအောင် ဖုန်း-၀၉-၈၅၄၀၁၁၈၊ ဦးဘုန်းသက်လင်း ဖုန်း-၀၄၆-၂၀၅၆၉နှင့် ဦးဝင်းမြင့်မိုး(ပန်းချီ) ဖုန်း-၀၉-၅၁၇၂၄၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၅၂)**

# မြို့နယ်သတင်းများ

## ဘူးသီးတောင်စည်ပင် တံတားပြုပြင်ဆောင်ရွက်

**ဘူးသီးတောင် နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လက်ဝဲဒက်-ငကျဉ်တောက် ကျေးလက်လမ်းပေါ်ရှိ တံတားအမှတ်(၆) ပြုပြင်ထိန်းသိမ်းထားမှု အခြေအနေကို နိုဝင်ဘာ ၈ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



**ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်ပြီး ရပ်ကွက်နေ ပြည်သူများနှင့် ဌာနဆိုင်ရာများစုပေါင်း၍ နိုဝင်ဘာ ၁၄ ရက်က မြို့အဝင် လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ချုံနွယ်နှင့် ပေါင်းမြက်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## လင်းခေး၌ စာကြည့်တိုက်များဆောက်ရန် မြေနေရာသတ်မှတ်ဆောင်ရွက်

**လင်းခေး နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ဝမ်ဟတ်ကျေးရွာတွင် နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၁၀သိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာကို နိုဝင်ဘာ ၅ရက်က ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူး၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးခိုင်နှင့် အဖွဲ့ကြည့်ရှုပြီး ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းလုံနှင့် စာကြည့်တိုက်ကော်မတီဝင်များအားတွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဝမ်ဟတ်အခြေခံပညာအထက်တန်းကျောင်းတွင် အဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှုမြှင့်တင်ရေးအတွက် ပညာရည်မြင့်မားရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး ဟောပြောသည်။

ယင်းနောက် မိုင်းပန်မြို့နယ် ဆုပ်ဟွေကျေးရွာတွင် နိုဝင်ဘာ ၆ရက်က မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်လိုက်ပါလျက် နိုင်ငံတော်ပံ့ပိုးငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် မြေနေရာသတ်မှတ်ဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## မာန်အောင်၌ လယ်ထွန်စက်သရုပ်ပြ

***မာန်အောင် နိုဝင်ဘာ ၂၈***

*ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ တောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဂွတ်(ဒ်)ဘရားသားကုမ္ပဏီတို့ပူးပေါင်း၍ ၁၈ကိုင်း၊ လေးချပ်ထယ်တပ် လယ်ထွန်စက်သရုပ်ပြပွဲကို အောက်တိုဘာ ၂၈ရက် နံနက် ၈နာရီက တောထုကျေးရွာရှိ တောင်သူဦးဘကျော်၏ လယ်မြေ၌ ကျင်းပသည်။*

*အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌဦးညီညီလွင်နှင့်ဌာနဆိုင်ရာများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးခင်မောင်ရင်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။* ***(မြို့နယ် ပြန်/ဆက်)***

**ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ထွက်နီကျေးရွာအုပ်စု ထွက်နီ-ဆီးကျအင်းကျေးရွာချင်းဆက် ကျောက်ချောလမ်း ခင်း မှု ကို နိုဝင်ဘာ ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်ဝင်းအောင် တို့ ကရှင်းလင်းပြသစဉ်။**

(မြို့နယ် ပြန်/ဆက်)

# လင်းခေး၌ မိုးစပါးရွေးရင်အေး စံပြကွက်ရိတ်သိမ်း

**လင်းခေး နိုဝင်ဘာ ၃၀**

လင်းခေးမြို့နယ် ပင်ဝေါင်ရပ်ကွက်နေ တောင်သူ ဦးမေထာ၏ လယ်(၃/၉၉)ဦးပိုင်မြေ၊ ဒါးဆိပ်ကွင်းတွင် နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းက မိုးစပါး ရွှေရင်အေးမျိုးသန့် စံကွက် ရိတ်သိမ်းပွဲကို ကျင်းပသည်။

**တက်ရောက်**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် လယ်စိုက်တောင်သူများ တက်ရောက်ကြသည်။

**ထွက်ရှိ**

ထို့နောက် တောင်သူများ စပါးရိတ်သိမ်းနေမှုကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါ စံကွက်မှာ စပါးအထွက်နှုန်း တစ်ဧကလျှင် ၁၃၉ဒသမ ၈၀တင်း ထွက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## မောက်မယ်၌ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုချီးမြှင့်

**မောက်မယ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင်(၈၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၁ရက်က မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက ဓာတ်မာန်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်သန်းငွေးက စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗထူးပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက် (၆)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခင်ဇော်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟားခါး၌ ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၃**

၂၀၀၉ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက်၉နာရီက ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ရေးဦးစွာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင်(၁)ရဲမှူးကြီးမြင့်တိုးက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်ရဲမှူးကြီးမြင့်တိုးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ငွေးတို့က ဆုများပေးအပ်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ပြည်နယ်အတွင်း ဆောင်ရွက်သောခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင်သာယာဝတီမြို့နယ် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာစေရေးအတွက်ဦးနေဝင်း-ဒေါက်တာ စန်းနွယ်အုန်း (လူမှုထူးချွန်ပထမဆင့်)၊ သမီး မငြိမ်းအိဖြူ(သရုပ်ပြဆရာဝန်၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ သား ဒေါက်တာရဲနေဝင်း မိသားစုက သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များသို့ စာအုပ်မျိုးစုံ ၃၂၄၉ အုပ်ကို နိုဝင်ဘာ ၃၀ ရက်က လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက လက်ခံယူစဉ်။**

(ခရိုင် ပြန်/ဆက်)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅H၊ မြေကွက်အမှတ် ၆၀၊ မြေကွက်တည်နေရာ အမှတ်၅၉၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းဒေါ်သိန်းအမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းနှင့်ခင်ပွန်းဦးမြင့်ကွယ်လွန်သဖြင့် ၁။ ဦးကျော်ထွန်း ၁၂/တမန(နိုင်)၀၄၈၅၁၇၊ ၂။ဦးသန်းထွန်း (ခ) ဦးသက်ဝင်းဝင်း ၁၂/ဗဟန(နိုင်) ၀၈၄၆၄၃၊ ၃။ဒေါ်အေးအေးမြင့်၁၂/ဗဟန (နိုင်) ၀၄၄၃၂၅၊ ၄။ဒေါ်ခင်ခင်သိန်း၁၂/ဗဟန (နိုင်)၀၄၅၄၆၁တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မှုးယစ်ကင်းစင် အလှဆင်

### ကိတ္တိမသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်၊ သိန်းညီနောင်လမ်းနေ ဒေါ်စောခင် ၆/ကစန(နိုင်) ၀၀၈၀၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ မြိတ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃၀-၆-၁၉၉၉ရက်၌ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၂၁၈/၁၉၉၉)ဖြင့် ဦးဝင်းနိုင်-ဒေါ်သန်းသန်းမော်တို့၏သမီး မမော်မော်မြင့်ကို ကိတ္တိမသမီးအဖြစ် ဦးဘခွေးနှင့် ဇနီးဒေါ်စောခင်တို့က မွေးစားခဲ့ပါသည်။ ဦးဘခွေးသည် ၁၉-၂-၂၀၀၈ရက်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် မွေးစားသမီး မမော်မော်မြင့် ၆/မမန(နိုင်)၁၅၉၅၄၁ သည် မွေးစားမိခင်ဒေါ်စောခင်၏ ဆိုဆုံးမမှုများကို အကြိမ်ကြိမ်မလိုက်နာဘဲ စိတ်ဆင်းရဲမှုအမျိုးမျိုးပေးကာ နေအိမ်ပေါ်မှ အပြီးအပိုင်ဆင်းသွားသူဖြစ်၍ ဤကြေညာသည့်ရက်မှစပြီး ကိတ္တိမသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံလှ (H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၆၈၉၇)**
**အမှတ် ၁၁၁၊ ဂန္ဓမာလမ်း၊**
**အေးချမ်းသာယာရပ်ကွက်၊**
**လေယာဉ်ကွင်းအနီး၊ မြိတ်မြို့။**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း(၃)ရပ်ကွက် ခိုင်ရွှေဝါလမ်းနေ ဦးဝင်းအောင်နှင့် ဒေါ်သက်မူတို့၏သမီး ဖြူသဇင်အောင် ၁၂/ကမရ(နိုင်)၀၅၄၂၀၉အား မိဘညီအစ်ကိုမောင်နှမများ၏ ဆုံးမမှုကိုမနာခံ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဖခင်-ဦးဝင်းအောင်၊ မိခင်-ဒေါ်သက်မူ။**

## မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၇**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ**အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

## ဖုန်းနံပါတ်များ ပြောင်းလဲခြင်း

**Asia Metal Company Limited.**

ဖော်ပြပါ ရုံးဖုန်းနံပါတ်များသို့ ပြောင်းလဲလိုက်ပါသဖြင့် အများပြည်သူတို့အား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ဖုန်းနံပါတ်အသစ်များမှာ-(၉၅-၁)၆၁၈၁၃၅၊ ၆၁၈၁၃၇၊ ၆၁၈၄၂၂၊ ၆၁၈၄၂၃၊ ၆၁၈၄၃၂၊ ၆၁၈၄၃၃၊ ၆၁၈၄၃၄၊**
**Fax-(၉၅-၁)၆၁၈၂၂၀။**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

## ဖွံ့ဖြိုးတိုးတက်စည်ပင်လာသော
# ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့သို့ အလည်တစ်ခေါက်

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော် ဒီဇင်ဘာ ၇

မော်တော်ကားလမ်းများနှင့် မီးရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးနိုင်မှုနှင့်အတူ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ရွာကလေးသည် တစ်မုဟုတ်ချင်း ကျေးလက်မှ မြို့ပြအဖြစ် တိုးတက်ပြောင်းလဲခဲ့ပေပြီ။

**ကူညီပေး**

သတင်းခရီးသည်တို့သည် ဥသျှစ်ပင်သို့ ပန်းတောင်းမြို့မှတစ်ဆင့် ရောက်ခဲ့သည်။ ဥသျှစ်ပင်သည် ပန်းတောင်းမြို့မှ အနောက်ဘက် ခုနစ်မိုင်ခန့်ကွာဝေးသည်။ သွားရောက်ရာလမ်းတစ်လျှောက်တွင် ရွာစဥ်၊ ရွာတန်းများကို ဖြတ်ကျော်သွားရသည်။ *စာမျက်နှာ ၉ ကော်လံ ၃* ●

ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့အဝင်လမ်းကို ဤသို့ သာယာရှုမောဖွယ် တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း(မရမ်းကုန်း)

### မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

**မွေးဖွားစဥ် ကိုယ်အလေးချိန်မပြည့်သော ရင်သွေးငယ်များ အရွယ်ရောက်ချိန်၌ ကင်ဆာဖြစ်ပွားနိုင်ဟုဆို**

*ကိုယ်အလေးချိန် မပြည့်ဘဲ မွေးဖွားလာသော ရင်သွေးငယ်များသည် အရွယ်ရောက်ချိန်တွင် ရင်သားကင်ဆာနှင့် အခြားကင်ဆာများ ဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။* စာမျက်နှာ ၃ ကော်လံ ၅ ❐

| ထူးခြားသည့် ညအပူချိန်များ | ၇-၁၂-၂၀၀၉ | | | |
|---|---|---|---|---|
| | လှိုင်လင်မြို့ | ၁ ဒီဂရီစင်တီဂရိတ် | နမ့်စန်မြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| | | | ဟဲဟိုးမြို့ | ၇ ဒီဂရီစင်တီဂရိတ် |
| | ဟားခါးမြို့ | ၂ ဒီဂရီစင်တီဂရိတ် | မင်းတပ်မြို့ | ၇ ဒီဂရီစင်တီဂရိတ် |

8-12 (20).pmd 1 12/8/2009, 1:56 PM